EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်®

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၄၆) "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" (ဒီဇင်ဘာ ၁၇ ၊ ၂၀၁၈)

Merry Christmas

## ဂျွန်နေတဲ့ ရေခဲရိုက်မြို့တော် Frozen City



ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၄၀၀၀ နှင့် အထက်ရှိသော ကချင်ပြည်နယ် အရှေ့ပိုင်းက တောင်ကုန်း၊ တောင်တန်းများရှိရာဒေသသို့ အလည်တစ်ခေါက် ရောက်ခဲ့သည်။ အလည်တစ်ခေါက် ဆိုသည်ထက် ဒေသအခြေအနေ သိရန် အလည်သက်သက်သွားရောက်ခဲ့ခြင်းဆိုလျှင် ပို၍မှန်ပါလိမ့်မည်။ ဝိုင်းမော်မြို့မှ တစ်ဆင့် မေခမြစ်ရိုးအတိုင်း အထက်ဘက်ကို ဆန်တက်သွားရသည့် ထိုလမ်းခရီးက အကွေ့အကောက်၊ အတက်အဆင်း အမြောက်အမြားနှင့် လမ်းက ဆိုးလွန်းလှသည်။ နိုင်ငံတော်အကြီးအကဲများ အရောက်အပေါက်မရှိသည့် ဒေသတစ်ခုမှန်း သိသာလှသည်။ ဆိုင်ကယ်ဖြင့် သုံးလေးနာရီ ကျော်ခန့်သွားပြီး ပထမဆုံး တွေ့ရသည့်မြို့က ချီဖွေမြို့ ဖြစ်သည်။ လူဦးရေ တစ်သောင်းကျော်နေထိုင်သည့် ချီဖွေမြို့လေးက တောင်ကုန်းတောင်စောင်းပေါ်တွင်တည်ရှိသည့် အစိုးရရုံးစိုက်ရာမြို့လေး တစ်မြို့ ဖြစ်သည်။

ချီဖွေမြို့တွင် တအောင့်တခရား နားလိုက်သည်။ မြို့လယ် ကွန်ကရစ်လမ်းမပေါ်တွင် အသားဖြူဖြူ ပါးအို့နီနီ လှပျိုဖြူလေးများ၊ လီဆူဘီးဟုလူသိများသည့် အနီရောင်ဆိုင်ကယ်ကြီးများကို စီးသည့် တိုင်းရင်းသားကြီးများ ရှိသည်။ ထိုမြို့လေးတွင် တရုတ်ငွေ အသုံးပြုနိုင်သလို မြန်မာကျပ်ငွေကိုလည်း သုံးနိုင်သည်။

စာ - ၂ သို့ »

## စစ်ပွဲတွေက ပြောင်းလဲပေးလိုက်တဲ့ ကချင်ပြည်နယ်ရဲ့ ရွှေလိမ္မော်ဈေးကွက်

စာ - ၁၀ သို့ »




## ကချင်ပြည်နယ် အစိုးရ၏ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် အသုံးစရိတ်လျာထားချက် ကျပ်သန်းပေါင်း တစ်သိန်းခုနစ်သောင်းကျော်ရှိ

စာ - ၄ သို့ »

## ပူတာအိုဒေသတွင် ငါးရှဉ့်တိုက်ဖမ်းဆီးနေမှုများကို တားမြစ်နိုင်ခြင်းမရှိသေး

စာ - ၁၅ သို့ »

## သတ္တုသယ်ကားကြောင့် ဆဒုံးရေတံခွန်အနီးရှိ တံတားကျိုးကျ



ဓာတ်ပုံ - Ah Je

## မွေးရာပါခြေခွင်ရောဂါကို ခွဲစိတ်ရန်မလိုဘဲ ပွန်ဆဲတီနည်းဖြင့် မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီးတွင် ကုသနိုင်ပြီ

စာ - ၁၉ သို့ »

## စစ်ရှောင်စခန်း ပြောင်းရွှေ့ရန် မော်တော်ယာဉ် အကူအညီလိုအပ်နေ

စာ - ၇ သို့ »

## သက်ငယ်မုဒိမ်းမှု ကျူးလွန်သတ်ဖြတ်ခဲ့သူကို မိုးညှင်းခရိုင် တရားရုံးက သေဒဏ်ချမှတ်

စာ - ၁၅ သို့ »

# ငြိမ်နေတဲ့ ရေခဲရိုက်မြို့တော် Frozen City

မွန်းမွန်းပန်၊ Ah Je ရေးသားသည်။

**ခက်ခဲကြမ်းတမ်း ခရီးလမ်း**

ချီဖွေတွင် ခရီးတစ်ထောက်နားပြီး နောက်ထပ် လေးနာရီခန့် ဆိုင်ကယ်ဆက်လက်မောင်းလိုက်လျှင် Frozen City (ရေခဲရိုက်မြို့တော်)ဟု တင်စားခေါ်ဝေါ်ကြသည့် တရုတ်ပြည် နယ်စပ်က ပန်ဝါမြို့လေးကို ရောက်တော့မည်ဟု သိရသဖြင့် စိတ်က ရောက်ချင်စိတ်စောနေမိသည်။ ပန်ဝါမြို့လေးသည် ဆောင်းရာသီရောက်လျှင် တစ်မြို့လုံး ရေခဲ၊ နှင်းခဲများ ဖုံးလွှမ်းနေတတ်သည့် မြို့ငယ်လေးဖြစ်ကြောင်း လူမှုကွန်ရက်မှတစ်ဆင့် တွေ့ဖူး၊ ကြားဖူးသဖြင့် ရောက်ချင်စိတ်စောနေမိခြင်းဖြစ်သည်။






ပန်ဝါမြို့တွင် ဖွင့်လှစ်ထားသော လောင်းကစားဝိုင်း



နယ်စပ်ဂိတ်အနီးရှိ အမှိုက်ပုံ

ချီဖွေ-ပန်ဝါ လမ်းကတောင်ကမ်းပါးယံများကို မြွေလိမ်မြွေကောက် ဖောက်လုပ်ထားသည်။ ကားကြီးများ ဖြတ်သန်းသွားလာသည့်လမ်း ဖြစ်သည့်အတွက် လမ်းက သိပ်မကောင်းလှ။ တောင်ကမ်းပါးယံများ ပြိုကျနေသည်များ၊ ကျင်းချိုင့်များ ဖြစ်နေသည့် နေရာများက အန္တရာယ် များလှသည်။ ထိုဒေသတွင် လုပ်ကိုင်နေသည့် သတ္တုတူးဖော်ရေးလုပ်ငန်းမှ ကားကြီးများ၏ တနင့်တပိုး သယ်ဆောင်သွားလာမှုများကြောင့် လမ်းက ရုပ်ပျက်ဆင်းပျက် ပျက်စီးနေရခြင်း ဖြစ်မည်။

ရောက်ချင်စိတ် စောနေသည့် ပန်ဝါမြို့လေးကို ရောက်ပါပြီ။ GOOGLE Map ပေါ်တွင် ကြည့်လျှင် Pang War အမည်ဖြင့် နယ်စပ်လိုင်းပေါ်တွင် ထိုမြို့လေးကို တွေ့နိုင်ပါသည်။ မြို့လေးကို ရောက်ရောက်ချင်း ပထမဆုံးနှုတ်ကဗြီးတွားမိလိုက်သည့် "အောင်မလေး. . . လမ်းကလည်း ဆိုးလိုက်တာ"ဆိုသည့် စကားကို ကြားလိုက်သည့် ဒေသခံဒေါ်လုနန်က "သတ္တုကားကြီးတွေ အရမ်း ဖြတ်ထားတဲ့လမ်းဆိုတော့ မိုးတွင်းဆို လမ်းက ပိုဆိုးတယ်။ မြေပြိုတာမျိုးတွေနဲ့ ကားပျက်တာမျိုးတွေရှိတယ်။ တစ်ခါတလေဆို လမ်းမှာအိပ်ရတဲ့အချိန်တောင်ရှိတယ်။ အခုခြောက်သွေ့ရာသီ ဖြစ်ရင်တော့ သွားလို့တော့ရတယ်။ ဒါပေမဲ့ ကားကြီးတွေ သွားထားတော့ ကားငယ်တွေက သွားရတာခက်တယ်။ ကား အကြီးသွားထားတဲ့ဘီးရာက နက်ပြီး အလယ်က ဖောင်းကြွနေတော့ ကားအသေးတွေက သွားရခက်တယ်"ဟု ပြောသည်။

ယခု သွားလာနေသည့် လမ်းသည် ယခင်က ကချင်အထူးဒေသ(၁)ခေါ် New Democracy Army – Kachin (NDA-K) တို့ ဦးစီးဖောက်လုပ်ထားသည့်လမ်း ဖြစ်ကြောင်း သိရပြီး ပြုပြင်သူမရှိသဖြင့် ဆိုးသည်ထက် ပိုပိုဆိုးနေခြင်းဖြစ်သည်ဟုဆိုသည်။ ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ဖို့ လမ်းတံတားများကို ပြုပြင်ပေးရန် ပြည်သူများနှင့် ကချင်အထူးဒေသ(၁) ဖွံ့ဖြိုးအုပ်ချုပ်ရေးကော်မတီက တောင့်တကြသည်။

အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ရေး ကူညီပံ့ပိုးမှုအားနည်း၍ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆောင်ရွက်ရန် ကြိုးစားသော်လည်း ရန်ပုံငွေ အခက်အခဲနှင့် ရင်ဆိုင်နေရပြန်သည်ဟု ဒေသအခက်အခဲများကို ပြောသည်။

"အစိုးရကို လွှဲပြောင်းပေးပြီး နောက်မှာတော့ သူတို့က ဖွံ့ဖြိုးရေးကို မလုပ်ပေးတော့ ကိုယ့်ဘာသာလုပ်မယ် ဆိုပြန်တော့လည်း သူတို့ခွင့်ပြုချက်က ယူရပြန်ဆိုတော့ ရန်ပုံငွေ မရှိဘူး။ မရှိလို့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ မလုပ်ဘူးဆိုပြန်တော့လည်း နှစ်စဉ်နှင့်အမျှ ပျက်စီးလာတဲ့ လမ်း၊ တံတား၊ ကျောင်းတွေ၊ ကျန်းမာရေးတွေက မလုပ်ရင် မရပြန်ဘူးဆိုတော့ မရရတဲ့နည်းနဲ့ တစ်နည်းနည်းနဲ့ ဒီနေ့အထိလုပ်နေရတာပါ" ဟုဦးဝမ်ထယ်ဘရန်အောင်က ပြောသည်။

ထိုသို့လမ်းများပျက်စီးခြင်းက တစ်နယ်လုံးမှ ပြည်သူများ၏ ဘဝများကို ရိုက်ခတ်နေသည်။ လမ်းမကောင်းခြင်းက ပြည်ပနိုင်ငံကို အလုပ်အကျွေးပြုသလို ဖြစ်နေရသည်။ ခရီးမိုင်အားဖြင့် မြစ်ကြီးနားနှင့် မိုင် ၁၀၀ ဝန်းကျင်သာ ကွာဝေးသည့် ထိုဒေသရှိ ပြည်သူများက အိမ်အတွက် လိုအပ်သည့် အဓိကစားသုံးကုန်များနှင့် အခြားလူသုံးကုန်ပစ္စည်းများကို တရုတ်ပြည်မှ တန်ဖိုးနှစ်ဆ၊ သုံးဆပေးကာ ဝယ်ယူအသုံးပြုနေရသည်။ သို့သော် ဒေသခံအားလုံး တရုတ်ပစ္စည်းကို အားကိုးကြသည်တော့ မဟုတ်။ မဝယ်မဖြစ်သည့် စားသောက်ကုန်များကို သာဝယ်ပြီး အခြားလူသုံးကုန်များကို မြစ်ကြီးနားမှ မှာယူသူများလည်း ရှိသည်။

ပန်ဝါဒေသပေါက်ဈေးက မြစ်ကြီးနားထက် နှစ်ဆပေးကြရသည်။ မရှိမဖြစ်စားသုံးကုန် ဆန်ကိုမူ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ အတိုင်းအတာဖြင့် သယ်ဆောင်ခွင့် ကန့်သတ်ထားသည်။ မြန်မာနိုင်ငံမှဆန်နှင့် တရုတ်နိုင်ငံမှ ဆန်ကို သယ်ယူရာတွင် စစ်ဆေးရေးဂိတ်များမမြင်အောင် သိုဝှက်သယ်ဆောင်ရသည့် အခါများလည်း ရှိသည်ဟု သိရသည်။

"ဝှက်ပြီးသယ်တာဆိုတော့ အများကြီးသယ်ခွင့်မရှိဘူး။ အလွန်ဆုံးမှ ငါးအိတ်က အများဆုံးပဲ။ မြန်မာဆန်ဆိုရင် နှစ်အိတ်လောက်ပဲ သယ်နိုင်တယ်။ ဒါကြောင့် ဒီမှာက ဆန်အရမ်းဈေးကြီးတယ်"ဟု ဒေသခံ ဈေးသည်တစ်ဦးက ပြောသည်။

ထိုသို့ သိုဝှက်သယ်ဆောင်ရသည်မှာလည်းလွယ်ကူသည့် အလုပ်တော့မဟုတ်ပါ။ ဆယ်ခုထက်မနည်းသော စုပေါင်းဂိတ်များ မမြင်အောင် သယ်ယူဖို့ဆိုသည်က ကားသမားများ၏ပါးနပ်မှုက အရေးကြီးသည်။ ရှာဖွေသူများ မမြင်မတွေ့အောင် တစ်ဂိတ်လျှင် ယွမ် ၂၀၊ ၃၀ ဖြင့် မျက်လုံးများကို ပိတ်ကာကြရသည်။ ထို မမြင်ချင်ဟန်ဆောင်ကြေးက ပန်ဝါထိဆိုလျှင် စုစုပေါင်း ယွမ် ၁၀၀ ဝန်းကျင်ခန့် ကုန်ကျသည်။ ထိုကုန်ကျစရိတ်ကို ကုန်သည်က အရင်းအနှီးထဲ ထည့်ပေါင်းလိုက်တော့ ထိုဒဏ်ကို စားသုံးသူများသာ ခံစားကြရတော့သည်။

ရှစ်ပြည်ခန့်ပါသည့်တရုတ်ဆန်အိတ် တစ်အိတ်လျှင် ယွမ် ၅၀ မှ ၁၀၀ ကျော်(ကျပ် ၁၀၀၀၀ ကျော်မှ ၃၀၀၀၀ ကျော်) အထိ ပေါက်ဈေးရှိပြီး မြန်မာဆန်


မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်



မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ချားစရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့၊
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။



မြန်မာနိုင်ငံ ကချင်ပြည်နယ် ၊ ပန်ဝါမြို့မှ တရုတ်နိုင်ငံသို့ အဝင်နယ်စပ်ဂိတ်


ပန်ဝါမြို့အထက်တန်းကျောင်း


ချီဖွေ - ပန်ဝါ လမ်း

တစ်တင်းခွဲဝင်အိတ် တစ်အိတ်လျှင် ယွမ် ၂၀၀ ကျော် (ကျပ် ၅၀၀၀၀ ကျော်)အထိ ရှိကြောင်း သိရသည်။

အများအားဖြင့် မြန်မာပြည်ဘက်သို့လာသည့် လမ်းမကောင်းသဖြင့် တရုတ်ပြည်ဘက်မှ တင်သွင်းရသည်က များသည်ဟုလည်း သိရသည်။ ကိုယ်ပိုင်ကားများဖြင့် သယ်ယူမည်ဆိုပါကလည်း ကုန်ပစ္စည်းဖြတ်သန်းခွင့်၊ နယ်ကျော်ခွင့်၊ ယာဉ်အာမခံကြေး ဟူသည့် အထောက်အထားများစွာ ပေးဆောင်ကာ တင်ပို့ရကြောင်း ဈေးသည်များထံမှသိရသည်။

"တရုတ်တွေကိုဆိုများများ တင်ခိုင်းတယ်။ ပြီးတော့ အဲဒီလိုလုပ်ရင်တောင်မှ တရုတ်ငွေ ၄ ထောင်ဖိုးအထိ ပဲတင်ခွင့် ရှိတယ်။ အဲ့ဒီထက်များရင် မြန်မာနိုင်ငံသားတွေ သယ်မယ်ဆိုရင် ဂိတ်မှာမကျော်ခိုင်းဘူး။ ဒါကြောင့် သူတို့လူနဲ့ သူတို့ကားနဲ့ပဲ မှာရတယ်။ ဒါကြောင့် ကားခက ပိုပေးရတယ်"ဟု ကုန်စုံဆိုင်ပိုင်ရှင် အမျိုးသမီးတစ်ဦးက ပြောသည်။

ထိုဒေသအတွက်လမ်းပန်းဆက်သွယ်ရေးက အဓိက ကျလှသည်။ လက်ရှိအစိုးရအနေဖြင့်လည်း နှစ်အလိုက် ဘတ်ဂျက်များ ရေးဆွဲကာ ကချင်ပြည်နယ် ဒေသအသီးသီးမှ လမ်းများ ကောင်းမွန်ရန်(သို့)ရာသီမရွေး သွားလာနိုင်ရန် ဆောင်ရွက်နေမှုများ အတန်အသင့်ရှိပါသည်။

ဒေသတစ်ခု ခေါင်းပါးခြင်း၏ဒဏ်က မီးဖိုချောင်များကိုသာ ထိခိုက်သည်မဟုတ်၊ အိပ်ယာများ၊ စာသင်ခန်းများ အထိ ဝင်ရောက်တတ်ပြန်သည်။ တရုတ်ပြည်ပြေး ကျန်းမာရေး ဒေသရှိ အစိုးရဆေးရုံကို သွားရောက်ဆေးကုသမှု ခံယူပါက တစ်ခါတရံ ဆေးပေးမည့်သူမရှိခြင်း၊ ဆေးမစုံခြင်း၊ လူနာစမ်းသပ် ကိရိယာမစုံခြင်းများ ကြုံတွေ့ရသည့်အတွက် ဒေသခံအများစုသည် အစိုးရဆေးရုံတွင် ဆေးကုသသူမရှိသလောက် နည်းပါးသွားသည်ဟုလည်း ဒေသခံတို့က ပြောသည်။

ထိုဒေသတွင် အစိုးရက ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာဝန်များကို လုံလောက်စွာ ခန့်ထားပေးနိုင်ခြင်း မရှိသည့်အပြင် ဆေးဝါးနှင့်ကျန်းမာရေး အသုံးအဆောင်ပစ္စည်း ကိရိယာများ စုံလင်အောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသဖြင့် ဒေသခံများ၏ အားထားရာသည် တရုတ်နိုင်ငံမှ တန်ဖိုးကြီးမားလွန်းသော ဆေးရုံ၊ ဆေးခန်းများဖြစ်လာသည်ဟုလည်း ဒေသခံဒေါ်လုနန်က မြေပြင်အခြေအနေကို ရှင်းပြသည်။

"တရုတ်ပြည်မှာပဲ သွားကုနေရတယ်။ အဓိကဒေါက်တာတွေမရှိဘူး။ ဒီကဆေးရုံးမှာ ဆေးသွားကုရင် ဆေးဝါး မစုံရတာနဲ့ ဆရာဝန်မရှိတာနဲ့ ဆေးကုဖို့ ပစ္စည်းမစုံရတာနဲ့ ဆိုတော့ တရုတ်ပြည်ကိုပဲ သွားကုနေရတာပါ။ တရုတ်ပြည်မှာက အဆင်ပြေတယ်။ ကလေးမီးဖွားတာကအစ အဆင်ပြေတယ်။ သူတို့လူမျိုးတွေရဲ့ ဆေးကုခထက် မြန်မာနိုင်ငံသားတွေက ပိုပေးရတာပေါ့" ဟု ဒေါ်လုနန်က ပြောသည်။

တရုတ်နိုင်ငံသား တစ်ယောက်အတွက် ဆေးကုသစရိတ် ယွမ် ၁၀၀ ကုန်လျှင် နိုင်ငံသားချင်း ဖြစ်သည့်အတွက် ယွမ် ၅၀ သာ ပေးသွင်းရသည်။ နိုင်ငံခြားသားဖြစ်သည့် မြန်မာနိုင်ငံသားများ၏ ကျသင့်ငွေက ယွမ် ၁၀၀ ဖြစ်နေလျှင် ယွမ် ၁၀၀ လုံး အပြည့်ပေးရသည်ဟု ဒေါ်လုနန်က ရှင်းပြသည်။

အထူးဒေသ(၁)မှတာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ ထိုဒေသတွင် ယခင်က ၎င်းတို့တာဝန်ယူခဲ့ကြောင်း၊ နှစ်အတန်ကြာကမှ အစိုးရထံ ပြန်လည်လွှဲပြောင်းလိုက်ကြောင်း သိရသည်။

အစိုးရက ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဆိုသည့်အတွက် NDA(K) အဖွဲ့မှ ခန့်ထားသည့် ကျေးရွာများမှ ကျန်းမာရေးဝန်ထမ်းများကို ထုတ်ပယ်လိုက်သော်လည်း အစိုးရက ၎င်းတို့အဖွဲ့လုပ်ခဲ့သည့် အဆင့်အထိမီအောင် ယခုအချိန်အထိ လုပ်ဆောင်ပေးနိုင်ခြင်း မရှိသေးဟုလည်း NDA(K) ဒုတိယဥက္ကဋ္ဌဦးဝမ်ထယ်ဘရန်အောင်က သုံးသပ်ပြောဆိုသည်။

"အစိုးရကို လွှဲပြီးနောက်ပိုင်းမှာတော့ ရွာကြီးတွေမှာဆိုရင် သူတို့လုပ်မယ်ဆိုပြီးပြောတော့ကျွန်တော်တို့ရာချီပြီးခန့်ထားတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို အလုပ်ဖြုတ်လိုက်ရတယ်။ အဲ့နောက်ပိုင်း ကြည့်လိုက်တော့ အစိုးရက နဂို ကျွန်တော်တို့ လုပ်တဲ့ အဆင့်အထိတောင် မလုပ်ပေးနိုင်ဘူးဆိုတော့ ဒေသကျန်းမာရေးတွေ၊ ပေါ်လစီတွေ ပျက်ကုန်တယ်" ဟုဦးဝမ်ထယ်ဘရန်အောင်က ပြောသည်။

ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များ ကာကွယ်ဆေးထိုးနှံခြင်းများနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်းများအတွက်ဆိုလျှင် အစိုးရက ခန့်ထားသည့် ကျန်းမာရေး ဝန်ထမ်းများ၊ NGO HPA အဖွဲ့နှင့် NDA(K)တို့ပူးပေါင်းကြည့်ရှုပေးနေကြောင်း၊ NDA(K) အဖွဲ့တို့မှလည်း ပြည်သူ့စစ်ဆေးရုံကိုလည်း ဖွင့်ထားကြောင်း သိရသည်။

အစိုးရမှ ခန့်ထားသည့် တာဝန်ခံဆရာဝန်များ ထိုဒေသသို့ရောက်မလာသည်မှာ ငါးနှစ်ခန့်ရှိပြီဟု သိရပြီး ၂၀၁၃ ခုနှစ်နောက်ပိုင်း ကျန်းမာရေး ဝန်ထမ်း ၂-၃ ဦးသာ လာရောက်တော့ကြောင်း၊ အစိုးရခန့်ထားသည့် ကျန်းမာရေး ဝန်ထမ်းများကလည်း 'ပြည်သူ့စစ်'ဆေးရုံတွင် ဝိုင်းဝန်းကူညီဆောင်ရွက်နေရကြောင်း သိရသည်။

"အစိုးရကခန့်ထားတဲ့ တာဝန်ခံဆရာဝန် မတွေ့ဖူးဘူး။ ဆရာဝန်ကလည်း လာတယ်ဆိုပြီး စာရွက်ပေါ်မှာပဲရှိတယ်။ ဆေးလည်းမရှိဘူး။ ကိရိယာတွေကိုတောင်မှ ကျွန်တော်တို့ ဆေးရုံကပဲ ငှားသုံးနေကြတယ်။ အစိုးရတိုက်နယ်ဆေးရုံကို ဆောက်သာဆောက်ထားတယ်။ သုံးနှစ်ရှိပြီ ဘယ်အချိန်ဖွင့်မလဲ မသိဘူး။ ပြန်တောင်ပျက်စီးချင်နေပြီ . . ဆေးရုံက။ ဒါက မဖြစ်သင့်ဘူးလို့ ထင်တယ်"ဟု ဦးဘရန်အောင်က ပြောသည်။

အရေးပေါ်လူနာများ ရှိလျှင် NDA(K) နှင့် HPA အဖွဲ့တို့က ပူးပေါင်းတိုင်ပင်ပြီး မြစ်ကြီးနားဆေးရုံကြီးသို့ ဖြစ်စေ၊ တရုတ်နိုင်ငံမှ ဆေးရုံများသို့ ဖြစ်စေ လွှဲပြောင်းပို့ဆောင်နေရကြောင်း၊ ပန်ဝါမြို့နယ်ခွဲ ဖြစ်သော်လည်း ဆေးရုံတွင် ဓာတ်မှန်ခန်းများလည်း မရှိသည့်အတွက် ရောဂါရှာဖွေရေးအတွက် များသောအားဖြင့် တရုတ်နိုင်ငံကိုသာ သွားနေရကြောင်း ကချင်အထူးဒေသ (၁) ဖွံ့ဖြိုးအုပ်ချုပ်ရေးကော်မတီဝင်များထံမှ သိရသည်။

တရုတ်ပြည်သို့ သွားရောက်ကုသလျှင် နိုင်ငံခြားသားဖြစ်သည့်အတွက် တရုတ်နိုင်ငံသားထက်သုံးဆ မပေးလျှင် ကုသမပေးသဖြင့် ပန်ဝါဒေသတွင် ဆရာဝန်နှင့်ဆေးဝါးများ စုံလင်စွာထောက်ပံ့ပေးစေလိုကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ပြည်နယ်ကျန်းမာရေး ဦးစီးဌာနသို့ သွားရောက်မေးမြန်းရာတွင် တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားသည်မှာ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ဒေသတွင်း ကျန်းမာရေး စောင့်

စာ - ၁၆ သို့ »

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2 ) ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊

**အငယ်တန်းသတင်းထောက်**
PH ဘရန်ဂျာ၊ Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ကချင်ပြည်နယ် အစိုးရ၏ ၂၀၁၈–၁၉ ဘဏ္ဍာနှစ် အသုံးစရိတ်လျာထားချက် ကျပ်သန်းပေါင်း တစ်သိန်းခုနှစ်သောင်းကျော်ရှိ

မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၃

အစိုးရသစ်လက်ထက် အသစ်ပြင်ဆင်လိုက်သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာအထိ ဘဏ္ဍာရေးနှစ်သစ်အတွက် ကချင်ပြည်နယ် အစိုးရ၏အသုံးစရိတ် လျာထားချက်မှာ သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း လေးသောင်းကျော်ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ်သန်းပေါင်း တစ်သိန်းသုံးသောင်းကျော်ဖြစ်ကြောင်း ပြည်နယ် ရသုံး/မှန်းခြေ ငွေစာရင်းဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည်။

သာမန်အသုံးစရိတ် လျာထားငွေမှာ ၄၀၈၉၃ ဒသမ ၆၅၂ သန်းဖြစ်ကာ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၁၃၆၉၁၂ ဒသမ ၄၈၂ သန်းဖြစ်ကြောင်း သိရသည်။

ယင်း အသုံးစရိတ်များသည် ဝန်ထမ်းလစာ၊ ပင်စင်လစာနှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် သာမန်အသုံးစရိတ်ကို အသုံးပြုပြီး လမ်းတံတား၊ လျှပ်စစ်နှင့်ရေရရှိရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဝန်ထမ်းအိမ်ယာ ဆောက်လုပ်ခြင်း၊ စက်ယန္တရား ဝယ်ယူခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ငွေလုံးငွေရင်းအသုံးစရိတ်မှ အသုံးပြုကြောင်း သိရသည်။

"ရသုံးခန့်မှန်းခြေ ငွေစာရင်းဟာဆိုရင် ဘဏ္ဍာနှစ်တစ်နှစ်ရဲ့ သုံးစရိတ်ကို လျာထားပြီးတော့မှ စီမံဆောင်ရွက်တာဖြစ်ပါတယ်။ ဌာနဆိုင်ရာအဖွဲ့အစည်းရဲ့ ဝင်ငွေတွေ အသုံးစရိတ်တွေနဲ့ ဘတ်ဂျက်ရေးဆွဲရေးနဲ့ ၎င်းနဲ့ဆက်စပ်တဲ့လုပ်ငန်းတွေမှာ ပြည်သူတွေ ပူးပေါင်းလာဖို့မျှော်လင့်ပါတယ်" ဟု ပြည်နယ်ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်လင်းက ပြောသည်။

၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်ဘတ်ဂျက်ပါ ဌာနအလိုက် အခွန်ရရှိငွေစုစုပေါင်းမှာ ၁၈၂၆ ဒသမ ၁၀၅ သန်းရှိပြီး စည်ပင်သာရေးအဖွဲ့မှရရှိသည့် အခွန်ငွေမှာ အများဆုံးဖြစ်ကာ ကျပ်သန်းပေါင်း ၇၀၀ ကျော် ရှိကြောင်းလည်း သိရသည်။

ပြည်ထောင်စုမှ ကချင်ပြည်နယ်အတွက် အထွေထွေ လွှဲပြောင်း ထောက်ပံ့ငွေများမှာ ကျပ်သန်းပေါင်း ၁၅၈၂၈၂ ဒသမ ၅၆၀ ကို လွှဲပြောင်းထောက်ပံ့ပြီး ကချင်ပြည်နယ်အတွက် အခွန်ဝေစုရငွေမှာလည်း ကျပ်သန်းပေါင်း ၅၁၈၅ ဒသမ ၉၃၈ သန်းခန့် လျာထားကြောင်းလည်း သိရသည်။

ကချင်ပြည်နယ်အတွက် ပထမဦးဆုံးအကြိမ်အဖြစ် ဒီဇင်ဘာလ ၁၂ ရက်နေ့က နိုင်ငံသားဘတ်ဂျက် (Citizen Budget)နှင့် ကချင်ပြည်နယ် ရသုံး/မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များပြုစုရေးဆွဲထားသည့် စာစောင်ထွက်ရှိခဲ့ပြီး အစိုးရ၏ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုပထမဦးဆုံးခြေလှမ်းအဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# အက်ဆစ်ပုံးခွံအတွင်း ဓာတ်ဆီများထည့်မှုကြောင့် မီးလောင်မှုဖြစ်ပွား

ဒီဇင်ဘာ ၁၃

တနိုင်းမြို့နယ်၊ ဆင်မ်ဆာ့ရပ်ကွက်ရှိ ဟိန်းအောင်စက်သုံးဆီအရောင်းဆိုင်သည် ဒီဇင်ဘာလ ၁၂ ရက်တွင် မီးလောင်မှု ဖြစ်ပွားခဲ့ရာ လူနှစ်ဦး အရေပြားမီးလောင်ခံရမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ မီးလောင်ရခြင်းမှာ ဆီဆိုင်သို့ ဓာတ်ဆီလာရောက်ဝယ်ယူသူတစ်ဦးမှ ယူဆောင်လာသည့် အက်ဆစ်ပုံးခွံအတွင်းသို့ ဆီဆိုင်ဝန်ထမ်းမှ ဓာတ်ဆီထည့်ပေးနေစဉ် ရုတ်တရက်မီးလောင်ခဲ့ရာမှ တစ်ဆိုင်လုံး မီးလောင်ကျွမ်းခဲ့ရကြောင်း သိရသည်။

ဓာတ်ဆီအရောင်းဆိုင် အလျား (၃၀)ပေ၊ အနံ (၂၀)၊ အမြင့် (၁၅)ပေခန့်ရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အဆောက်အဦး မီးကူးစက်လောင်ကျွမ်းခဲ့ရာ ဓာတ်ဆီ ၅၀ ဂါလံခန့်နှင့် ဒီဇယ် ၂၀ ဂါလံခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးကျော်မျိုးဦး၊ မောင်ထက်မြတ်ဇာနည်တို့သည် စိုးရိမ်စရာမလိုသည့် အခြေအနေဖြင့် အရေပြားမီးလောင်ခံခဲ့ရကြောင်းလည်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဓာတ်ဆီထည့်ပေးရာတွင် ပေါ့ဆစွာအသုံးပြုသူ ဆီဆိုင်ဝန်ထမ်းကို အရေးယူပေးရန် ဒုရဲအုပ်ဝင်းမြင့်မှ တရားလိုပြုတိုင်တန်းသဖြင့် တနိုင်းမြို့မြို့မရဲစခန်းတွင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၈၅/ ၃၃၇ အရအမှုဖွင့်ထားကြောင်း သိရသည်။

မွန်းမွန်းပန်



# လူသားတိုင်း မွေးရာပါအခွင့်အရေးများ တူညီကြသည်

မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၁

"လူတိုင်းသည် တူညီလွတ်လပ်သော ဂုဏ်သိက္ခာနှင့် တူညီလွတ်လပ်သော အခွင့်အရေးများဖြင့် မွေးဖွားလာသူသာ ဖြစ်သည်"ဟူသော ခေါင်းစဉ်ဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ ဦးဆောင်ကာ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့မှ စစ်ရှောင်လူငယ်များအား ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အမြင်ဖွင့်ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်။

မြစ်ကြီးနားမြို့ရှိ ငြိမ်းချမ်းရေးဂေဟာတွင် ပြုလုပ်ခဲ့သည့် အဆိုပါအမြင်ဖွင့်ခြင်းအစီအစဉ်ကို ကျင်းပရခြင်းမှာ လူငယ်များအနေဖြင့် ရသင့်ရထိုက်သည့် အခွင့်အရေးများကို သိရှိနားလည်နိုင်ရန် ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့မှ အမှုဆောင်အရာရှိ Mr. Andrew က ပြောသည်။

"အခုခေတ်က လူငယ်တွေက ကြောက်နေကြတယ်။ သူတို့မှာရှိတဲ့ အခွင့်အရေးကို အသုံးမချတတ်ကြဘူး ဆိုတာထက် ဘယ်လိုအသုံးချရမယ် ဆိုတာမသိဘူး။ ဒါကြောင့် ဒီလိုအမြင်ဖွင့်ခြင်း အစီအစဉ်တွေ ပြုလုပ်ပေးခြင်း ဖြစ်ပါတယ်" ဟု Mr. Andrew က မြစ်ကြီးနားသတင်း ဂျာနယ်သို့ပြောသည်။

လူငယ်များ အမြင်ဖွင့်ခြင်း အစီအစဉ်ကို မြစ်ကြီးနား၊ ဝိုင်းမော်အတွင်းရှိ စစ်ရှောင်လူငယ် အယောက် ၅၀ တက်ရောက်ခဲ့ကြပြီး၊ တက်ရောက်လာသည့်လူငယ်များက ယင်းအစီအစဉ်ကို သဘောကျနှစ်ခြိုက်ကြောင်း ပြောသည်။

"ဟုတ်ကဲ့ ဒီလိုအစီအစဉ်မျိုး အများကြီး လုပ်စေချင်ပါတယ်။ ဘာလို့လဲဆိုတော့ လူငယ်တွေ စိတ်ကို အများကြီး ပြောင်းလဲစေပါတယ်။ လူငယ်တစ်ယောက်ရဲ့ အခွင့်အရေး ဘယ်လောက်ရှိတယ်ဆိုတာ သိရှိနားလည်နိုင်ခဲ့ရလို့ အများကြီး ဝမ်းသာပါတယ်"ဟု စစ်ရှောင်စခန်းမှ လူငယ် မကိုင်ဂျာက ပြောသည်။

ယင်းအစီအစဉ်သည်ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်း ထုတ်ပြန်ခြင်း နှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

Ah JE






# သတ္တုသယ်ကားကြောင့် ဆဒုံးရေတံခွန်အနီးရှိ တံတားကျိုးကျ




ဒီဇင်ဘာ ၁၄

တရုတ်ပြည်နယ်စပ် ကန်ပိုင်တည် - ဆဒုံး - မြစ်ကြီးနား လမ်းပေါ်ရှိ ၁၇ မိုင် ယာဉ်ရပ်နားစခန်းအနီးမှ သံပေါင်ဘေလီတံတားကြီးမှာ ခံနိုင်ဝန်ထက် ပိုသောကားကြီးများ ဖြတ်သန်းသွားလာမှုကြောင့် ဒီဇင်ဘာလ ၁၄ ရက်နေ့က ထက်ပိုင်းကျိုးကျသွားကြောင်း သိရသည်။

ဆဒုံးရေတံခွန်အနီးရှိခုနှစ်ရောင်စုံတံတားပေါ်သို့ တရုတ်သတ္တုသယ်ယာဉ် သုံးစီးဖြတ်သန်းသွားပြီး ထိုနေ့နံနက် ၁၁ နာရီခန့်တွင် ခါးလယ်မှ ထက်ပိုင်းကျိုးကျ ပျက်စီးသွားခြင်းဖြစ်ကြောင်း နယ်ခြားစောင့်တပ်မှ ဗိုလ်ကြီးကျော်ထွေးဦးထံမှ သိရသည်။

"ဝိုင်းမော်ဘက်ကလာတဲ့ ၁၂ ဘီးကားက တံတားကိုဖြတ်လာတဲ့အချိန် တံတားတစ်ဝက်လောက်မှာ ထက်ပိုင်းကျိုး ကျသွားတယ်။ ဆိုးတာက ဒီဘက်မှာ တိုးဂိတ်တွေလည်း မရှိတော့ တန်ပိုချိန်တာတွေ မရှိဘူးဆိုတော့လေ"ဟု ဗိုလ်ကြီးကျော်ထွေးဦးက ပြောသည်။

ယင်းတံတားသည် အလေးချိန်ခံနိုင်ဝန် တန် ၅၀ သတ်မှတ်ထားပြီး အရှည်အားဖြင့် ၁၈၀ ပေ၊ အကျယ် ၁၈ ပေ ရှိသော တံတားဖြစ်သည်။ တံတား၏ခံနိုင်ဝန်ကို တန် ၅၀ ဟု ကန့်သတ်ထားသော်လည်း ကားကြီးများပေါ်တွင် တန်ချိန်မည်မျှ တင်ဆောင်လာသည်ကို ချိန်တွယ်နိုင်သည့် ကတ္တားကြီးများမရှိ၍ ယာဉ်ပေါ်တွင် အလေးချိန်မည်မျှပါလာသည်ကို မသိနိုင်ခြင်း၊ တောင်ကျချောင်းရေကြောင့် ရေလယ်တိုင် ထည့်သွင်းတည်ဆောက်မထားခြင်းတို့ကြောင့် ကျိုးကျခြင်းဖြစ်သည်ဟုလည်း ဆိုသည်။

"ကုမ္ပဏီက ပြောတာကတော့ တံတားခံနိုင်ဝန် တန် ၅၀ ဆိုရင် သက်တမ်း ၂၀ လို့ ပြောတယ်။ အခု ဒီတံတားပြန်လုပ်ထားတာ ၂၀၁၂ ကဆိုတော့ ခြောက်နှစ်လောက်ပဲခံတယ်" ဟုလည်း ဗိုလ်ကြီးက ရှင်းပြပြောဆိုသည်။

အဆိုပါ တံတားပေါ်မှ ကျောက်မှောင်ခိုကားများ၊ သစ်မှောင်ခိုကားများနှင့် ငှက်ပျောသီးတင် ၂၂ ဘီး တွဲကားကြီးများ နေ့စဉ်ဖြတ်သန်းကြောင်းသိရပြီး လောလောဆယ်တွင် ထိုတံတားပျက်စီးမှုကြောင့်မြန်မာ-တရုတ်နယ်စပ် သွားလာရေး ခေတ္တပြတ်တောက်ကာ နှစ်ဖက်နိုင်ငံမှ ခရီးသွားများ အခက်အခဲဖြစ်နေကြောင်း သိရသည်။

ယခုဖြစ်စဉ်တွင် သယ်ဆောင်လာသော သတ္တုများမှာ တရားဝင် သယ်ထုတ်နေခြင်း ဟုတ်မဟုတ်ကို အတည်ပြုပြောကြားမည့်သူမရှိပေ။ ပြည်နယ်အစိုးရအဖွဲ့မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးအိတ်ချ်လအောင်ကလည်း ပို့ကုန် သွင်းကုန်အရေးသည် ဗဟိုအစိုးရနှင့်သာ သက်ဆိုင်သည်ဟု ဆိုခဲ့ပြီး ထိုသတ္တုကားကြောင့် တံတားကျိုးခြင်းမှာလည်း ၎င်းနှင့် မသက်ဆိုင်ကြောင်း သွင်းကုန်၊ထုတ်ကုန် ကြီးကြပ်ရေးကုမ္ပဏီများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနတို့နှင့်သာ သက်ဆိုင်ကြောင်း လွတ်လပ်သော အာရှအသံသတင်းဌာနသို့ ဖြေကြားထားသည်။

တချို့ဒေသခံတို့၏ ပြောစကားအရ အဆိုပါသတ္တုများသည် ပြည်သူ့စစ်နယ်မြေမှ ထွက်လာသည့် ပစ္စည်းများဖြစ်ကြောင်းသိရပြီး ဝိုင်းမော်မြို့မှ နေ့စဉ်ဖြတ်သန်းနေသည်ကို တွေ့ရသည်ဟု ဆိုသည်။

တံတားကျိုးကျစဉ် ယာဉ်ပေါ်တွင် ယာဉ်မောင်းတစ်ဦးသာပါဝင်သည်ကိုတွေ့ရသည်ဟုသိရပြီး မည်သူ့ကို မည်သို့အရေးယူမည်၊ မည်သူတွင် တာဝန်ရှိသည်၊ မည်သို့ ဆက်လက်ဆောင်ရွက်သွားမည်ဆိုသည်ကိုမူ မသိရသေးပေ။

တချို့ခရီးသည်များက ပါလာသည့်ပစ္စည်း များသဖြင့် ကမ်းတစ်ဖက်သို့ ရောက်အောင် သုံးဖာလုံခန့်ကွာဝေးသော တောင်ခါးပမ်းလမ်းမှ ခေါက်တုန့်ခေါက်ပြန် သယ်ယူနေကြရကြောင်း သိရသည်။

"ဦးလေး ခု ပစ္စည်းသယ်နေတာ ၃ခါရှိ အရမ်းမောတယ်။ ခုလိုတံတားပျက်ကျသွားတော့ အားလုံး ဒုက္ခရောက်တာပေါ့" ဟု အသက်၅၀ကျော် ခရီးသွားဦးယောနဒန်မှ ပြောသည်။

အဆိုပါ တံတားသည် တရုတ်နိုင်ငံမှဖောက်လုပ်ထားသည့် ကားလမ်းပေါ်တွင်တည်ရှိပြီး လွန်ခဲ့သော ၂၀၁၁ ခုနှစ်က မိုင်းခွဲဖျက်ဆီးခြင်း ခံခဲ့ရသဖြင့် ၂၀၁၂-၁၃ ခုနှစ်တွင် ပြန်လည်တည်ဆောက်ထားသော တံတားဖြစ်ကြောင်း သိရသည်။

ယင်း ပျက်စီးသွားသော တံတားအစားထိုးအနေဖြင့် အရင်လမ်းဟောင်း မန်ဝိန်းလမ်းမှ သွားလာအသုံးပြုရန် ယာယီစီမံထားကြောင်း သိရသည်။

Ah Je

# မြစ်ကြီးနားတွင် တတိယမြောက် ရဲစခန်းသစ်တစ်ခု ဖွင့်လှစ်တော့မည်

မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၂

မြစ်ကြီးနားမြို့တွင် တိုးပွားလာသည့် လူဦးရေနှင့်အမှုတရားဥပဒေ စိုးမိုးမှုများရှိလာရန်အတွက်ဟုဆိုကာ ပြည်နယ်ရဲတပ်ဖွဲ့က ပလနကျေးရွာအုပ်စုတွင် တတိယမြောက် ရဲစခန်းတစ်ခုနှင့် မီးသတ်စခန်းတစ်ခုကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ယခင်က မြစ်ကြီးနားမြို့၌ မြို့မရပ်ကွက်တွင် ယခင်အမှတ်(၁)ခေါ် မြို့မရဲစခန်းနှင့် ခေမာသီရိရပ်ကွက်တွင် အမှတ်(၂)ခေါ် နယ်မြေရဲစခန်း ရှိသော်လည်း နှစ်စဉ်တိုးလာသည့်လူဦးရေနှင့် ရဲအင်အားမမျှတသဖြင့် နယ်မြေခွဲဝေကာ ရဲစခန်းတစ်ခုကို ထပ်မံတိုးချဲ့ဖွင့်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

မူလက ပလနဒေသသည် မြို့မရဲစခန်းအပိုင် နယ်မြေတွင်တည်ရှိပြီး အမှုအခင်းတစ်စုံတစ်ရာဖြစ်ပါက မြို့မရဲစခန်းအထိ သွားရောက်နေရခြင်းကြောင့် ထိုဒေသတစ်ဝိုက်မှ ကျေးရွာများ လွယ်လင့်တကူ တိုင်တန်းနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မြို့မရဲစခန်းအထိ လာပြီး အကူညီတောင်တာတို့ လုပ်ရတာဆိုတော့ အရမ်းဝေးတယ်။ တဖြည်းဖြည်းတိုးလာတဲ့ လူဦးရေမှာ မှုခင်းဖြစ်ပွားမှု မရှိအောင်လို့ အဲဒီဘက်ကို ထပ်မံဖွင့်လိုက်တာဖြစ်တယ်" ဟု ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ နယ်မြေရဲစခန်းအတွက် နယ်မြေခွဲဝေပြီးဖြစ်သော်လည်း သက်ဆိုင်ရာဌာနအဆင့်ဆင့်မှ အတည်ပြုပေးထားခြင်း မရှိသေးကြောင်း၊ နယ်မြေရဲစခန်းဖွင့်လှစ်ရန်ခွင့်ပြုချက် ရရှိပြီးဖြစ်သည့်အတွက် တာဝန်ကျရဲအင်အားကိုလည်း နယ်မြေရဲစခန်းတွင် ရှိရမည့် ဖွဲ့စည်းပုံအတိုင်း ခွဲဝေထားပြီးဖြစ်ကြောင်း သိရသည်။

မြို့ပေါ်ရဲစခန်းများအပြင် မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးလက်အောက်တွင် ဆင်ဘို၊ တာလောကြီးနှင့် အောင်မြင်သာကျေးရွာများ၌ ရဲစခန်းများရှိသည်။

မွန်းမွန်းပန်

## Editorial
## အယ်ဒီတာ့အာဘော်

### အမေ့လျှော့ခံ ပြည်သူ့ဆန္ဒ

ပြည်သူ့ဆန္ဒနဲ့ အစိုးရဆန္ဒ ဘယ်ဟာကို ပိုအရေးပေး လုပ်သင့်ပါသလဲ။ ဒီမေးခွန်းကို စာဖတ်ပရိသတ်ကြီး စဉ်းစားပြီး ဖြေကြည့်ပေးပါလား။ အစိုးရအာဏာပိုင်များလည်း ဒီမေးခွန်းကို အလေးထားဖြေဆိုဖို့ အင်မတန် အရေးတကြီး လိုအပ်နေပါပြီ။

အာဏာဆိုတာ ပြည်သူက ဆင်းသက်လာတာလား။ အစိုးရက ဆင်းသက်လာတာလား။ အဖြေကတော့ အစိုးရဆိုတာ ပြည်သူက ပေါက်ဖွားလာတာမို့ အာဏာကို တကယ် ပိုင်တာက ပြည်သူဖြစ်ပြီး လေးစားလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရမှာက အစိုးရဆိုတာ အားလုံး နားလည်သဘောပေါက်ကြပြီးသားပါ။

ဒါ့ကြောင့်လည်း ပြည်သူ့ဆန္ဒနဲ့ မဲပေးရွေးချယ်လို့ အစိုးရကို တင်မြှောက်ခဲ့ကြတာပါ။ အစိုးရရဲ့တာဝန်က ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ပါ။ ပြည်သူလို့ တင်စားတာက အများကိန်းပါ၊ အစိုးရက အများအတွက် ဝန်ဆောင်မှု ပေးရမှာပါ။ အနည်းကိန်းဖြစ်တဲ့ အဖွဲ့အစည်းတစ်ခု၊လူတစ်စုတည်းအတွက် ကြည့်လို့ မရပါဘူး။

ကွန်ဖြူးရှပ်အဆိုမှာလည်း တင်စားထားတာက ပြည်သူဆိုတာ"မြက်ခင်း"ဖြစ်ပြီးအစိုးရက"လေ"သဘောဆောင်ပါသတဲ့။ မြက်ဆိုတာ၊ လေယူရာ ယိမ်းတာပါ။ ထိုနည်းလည်းကောင်း ပြည်သူကလည်း အစိုးရရဲ့ ဦးဆောင်မှုအတိုင်း လိုက်နာကြရတာပါ။ ဒါ့ကြောင့် အစိုးရမှာ လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝရှိနေတာပါ။

သို့ပေမဲ့ သူက ထပ်ပြီး သတိပေးထားပါသေးတယ်၊ အစိုးရက လုပ်ပိုင်ခွင့်နဲ့ အာဏာရှိတယ်ဆိုတိုင်း အတင်းအဓမ္မ ဥပဒေတွေနဲ့ ချုပ်ကိုင်ပြီး အပြစ်ပေးဖို့ မဟုတ်ဘူး ဆိုတာကိုပါ။

ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးနေတဲ့မူကတော့ အများကိန်းနာမ်စားဖြစ်တဲ့ ပြည်သူ့ဘက်က ရပ်တည်ပြီး အပျက်သဘော မဆောင်ဘဲ အပြုသဘောဆောင်ကာ ကိုယ်ကျိုးကို မကြည့်၊ အများကောင်းကျိုးကို ကြည့်ပြီး ဦးဆောင်ဦးရွက်ပြုသူတွေကို ဥပဒေ၊ အာဏာတွေသုံးပြီး ချုပ်ကိုင်နေတာပါ။

တကယ်တော့ ဒီဥပဒေ၊ အာဏာကိုသုံးသင့်တာက ပြည်သူတွေ ခိုးဆိုးလုနှိုက် ကင်းပြီး အမှားတစ်စုံတစ်ရာ မလုပ်မိဖို့ကို ထိန်းချုပ်ဖို့ပါ။ ပြည်သူတွေလေးစားလိုက်နာပြီး ကြောက်ရွံ့တာက ဥပဒေနဲ့အာဏာ ဆိုတာကိုပါ။

ဒါ့ကြောင့် ဒီ. . ဥပဒေနဲ့ အာဏာကို ပြည်သူတွေ ပညာသင်ကြားအောင်၊ အကျင့်စာရိတ္တကောင်းမွန်အောင် စတဲ့အရာတွေမှာ သုံးသင့်တယ်လို့ ကွန်ဖြူးရှပ်က ဆိုထားပါတယ်။

ဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်နေသူ တချို့က အစိုးရက ချမှတ်၊ သတ်မှတ်ပေးလိုက်တဲ့ အာဏာကို မိမိအာဏာလို့ တလွဲမှတ်ယူပြီး အလွဲသုံးစား လုပ်နေကြတာ တွေ့ရတော့ စိတ်မကောင်း ဖြစ်ရပါတယ်။ အစိုးရအာဏာဆိုတာ သက်တမ်းရှိပါတယ်၊ တစ်သက်လုံး "ဒါငါ့အမိန့်၊ ငါ့အာဏာ"ဆိုပြီး သိမ်းယူလို့မရဘူး ဆိုတာကိုလည်း သတိချပ်စေချင်ပါတယ်။

ဒါ့ကြောင့် "ဒါအထက်က အမိန့်ကွ"လို့ဆိုပြီး လိုက်နာနေသူတွေနဲ့ငြင်းဆန်လို့မရနိုင်ဖြစ်နေတဲ့ အစိုးရဝန်ထမ်းများ သတိချပ်သင့်တာက အာဏာဆိုတာ သက်တမ်းရှိတယ် ဆိုတာကိုပါ။ အများကိန်းဖြစ်တဲ့ "ပြည်သူ" အကျိုးကိုကြည့်မှာလား၊ အနည်းကိန်းဖြစ်တဲ့ "လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း"အကျိုးကို ကြည့်မှာလား ဆိုတာ ဒီနေ့ သတ္တိရှိရှိနဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချဖို့ လိုနေပါပြီ။

ဒီနေ့ ပြည်သူတွေ ဆန္ဒပြနေကြပါပြီ။ ဘာ့ကြောင့်ပါလဲ၊ အစိုးရတာဝန်ရှိသူတွေ သေချာစဉ်းစား ဆုံးဖြတ်ဖို့ လိုနေပါပြီ။ ဆန္ဒပြပွဲ ဦးဆောင်သူတွေကို ဥပဒေ၊အာဏာတွေနဲ့ ချုပ်ကိုင်တရားစွဲဆိုခြင်းလုပ်နေတာတွေဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ဟုတ်ပါသလား။ တရားစွဲ ထောင်ချလိုက်တာနဲ့ ပြဿနာတွေ ရှင်းသွားပါသလား။ ဒါမှမဟုတ် ပိုရှုပ်ထွေးသွားပါသလား။

ဒါ့ကြောင့် ဒီဥပဒေ၊ အာဏာတွေက အများကိန်းဖြစ်တဲ့ "ပြည်သူ"အတွက် အကျိုးရှိပါရဲ့လား။ အများပြည်သူရဲ့ဆန္ဒနဲ့အညီ ဟုတ်ပါသလားဆိုတာကို ပြန်လည်ဆန်းစစ်ဖို့ မြစ်ကြီးနားသတင်းဂျာနယ်က တိုက်တွန်းလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
( ဒီဇင်ဘာ ၁၇ ၊ ၂၀၁၈ )

# စစ်ပွဲကြောင့် ပိတ်မိပြည်သူများကို အမြန်ဆုံး ကယ်ထုတ်
# ငွေဒဏ်နဲ့ ထောင်ဒဏ်ချမှတ်လိုက်တဲ့



**Rev.Dr ခလမ်ဆမ်ဆွန်**

ဒီ . . နောင်းဖူ၊ အောင်လောဒ်ကျေးရွာမှာ ပိတ်မိနေတဲ့ ပြည်သူတွေကို လွှတ်ဖို့ရာအတွက် သတင်းစာရှင်းလင်းပွဲမှာ ပြောလိုက်တဲ့ စကားတွေကြောင့် ဒီနေ့ဒီလိုမျိုး တရားစီရင်ခံရတယ်ပေါ့နော်။ ကျွန်တော့်အနေနဲ့ ဒီမြန်မာနိုင်ငံရဲ့ တရားရုံးက မှန်ကန်တဲ့ဘက် မရပ်တည်နေဘူးဆိုတာ ရှင်းရှင်းလင်းလင်း မြင်ရတယ်။ အခုလိုမျိုး ပုဒ်မ ၅၀၀နဲ့ တရားစီရင်ခံရတာကတော့ မြန်မာနိုင်ငံမှာ အများကြီး ရှိတာပေါ့။ ဒါပေမဲ့ အခုလိုမျိုး ပြင်းပြင်းထန်ထန် ၅သိန်းနဲ့ ထောင်ဒဏ် ၆လ ချမှတ်လိုက်တာက နှစ်ခုကို တစ်ခါတည်း ပေါင်းပြီး ချမှတ်တာကတော့ မကြားဖူး။ တစ်ခုမဟုတ်ရင် တစ်ခု ချမှတ်တာပေါ့နော်။ လျှော့ပေါ့ပေးတာပေါ့။ အခုဒီလို လုပ်ရပ်က ကျွန်တော်တို့ နောက်လူတွေ မလုပ်ရဲအောင် လုပ်တာလား။ တရားရုံးရဲ့ စီရင်ချက်ပဲလား။ နောက်ကနေ တွန်းအားပေးမှုကြောင့် ပဲလားဆိုတာ စဉ်းစားစရာတွေ အများကြီးရှိလာတယ်။ အားလုံးကို ခြုံငုံပြီးပြောလိုက်မယ်ဆိုရင် အခုလိုမျိုး ပြည်သူ့အလုပ်အတွက် ပါဝင်ဆောင်ရွက်နေတဲ့ လူငယ်ခေါင်းဆောင်သုံးဦးကို အခုလိုမျိုး တရားစီရင်တာက အရမ်းကို မသင့်တော်ဘူး။ မြန်မာလို ပြောရမယ်ဆိုရင် တရားဥပဒေစိုးမိုးမှု မရှိဘူး။ မြန်နိုင်ငံရဲ့ တရားစီရင်တဲ့ တရားရုံးက စစ်တပ်ရဲ့ လက်အောက်မှာပဲ တရားစီရင်နေရတယ်လို့ မြင်မိတယ်။ စစ်တပ်နဲ့ ပတ်သက်တဲ့ အလုပ်တိုင်းဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်နဲ့ ဘယ်တော့မှ တရားမစီရင်ဘူး၊ ဆုံးဖြတ်ချက်မချဘူး။ အဲ့ဒါကို အဲ့ဒီလိုမျိုး ဖြစ်စဉ်ကို အရင်တုန်းကရော ကြုံဖူးတယ်။ လွန်ခဲ့တဲ့ ၂၀၁၂ တုန်းက ဘရန်ရှောင် သူက စစ်သားမဟုတ်ဘူး။ ဟုတ်တယ်ဆိုပြီး ထောင်ချခဲ့တယ်။ ပြီးတော့ ဓမ္မဆရာမ ၂ယောက်နဲ့ပတ်သက်ပြီးတော့ဖြစ်စဉ်ကလည်း အဲ့ဒါနဲ့ အတူတူပဲ။ ပြောရမယ်ဆိုရင် စစ်တပ်ပါဝင်နေတဲ့ အလုပ်ဟာ ဘယ်တော့မှ ပြည်သူဘက်ကနေပြီးမရပ်တည်ဘူး၊ အမှန်တရားဘက် မရပ်ဘူးလို့ ကျွန်တော်ကတော့ ရှင်းရှင်းလင်းလင်း မြင်မိပါတယ်။



**ဦးတန်ဂွန်း**

ဒီ စီရင်ချက်က နည်းနည်းမှ မတရားဘူးလို့ မြင်တယ်။ ဘာဖြစ်လို့လဲဆိုရင် ပြည်သူတွေစစ်ပွဲကြားမှာ ပိတ်မိနေတာကို လွတ်မြောက်အောင် တောင်းဆိုဆန္ဒပြကြတဲ့ ခေါင်းဆောင်တွေကို အခုလို တစ်ဖက်သတ်ပုံစံလို စစ်တပ်ကို ဘာမှ မပြောရဲအောင် မှားနေတောင် ဘာမှ ပြန်မပြောရဲအောင် တရားစီရင်တာ ဖြစ်တဲ့အတွက်ကြောင့်ကို မတရားဘူးလို့ မြင်တယ်။ အခုလို ဖြစ်တဲ့အပေါ် တရားစီရင်တာက ကြီးတယ်လို့ မြင်တယ်။ မတရားဘူးပေါ့။ အခုလို စီရင်တာကို ကန့်ကွက်တယ်။ ပထမအချက်အနေနဲ့ အခုလို မတရားစီရင်ခံရတဲ့ ဆရာ၊ ဆရာမ သုံးယောက်ကို အမြန်လွှတ်ပေးရမယ်လို့ ပြောချင်တယ်။ နောက်နောင် အခုလို မတရားတဲ့ နည်းလမ်းနဲ့ လုပ်တာကို ပြည်သူတွေသာမက ဘယ်သူတွေကိုမဆို မှန်ကန်တဲ့ဘက်မရပ်ရဲအောင် ခြိမ်းခြောက်တာ၊ စိတ်ဓာတ်ပျက်ပြားအောင်၊ အညွန့်ကျိုးအောင်လုပ်နေတာမျိုး ဖြစ်တဲ့အတွက်ကြောင့် နောက်နောင် စီရင်ချက်ချတဲ့အခါ အခုလိုမျိုး မဖြစ်အောင် တရားစီရင်ရေးကလူတွေ သတိထားနိုင်ဖို့ အားလုံးအပေါ် တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။



**မောင်နီသီယား**

တရားရုံးကနေ စီရင်တယ်ဆိုတာက ၂၀၀၈ အခြေခံဥပဒေအောက်ကနေ စီရင်တာပေါ့နော်။ ဆိုတော့ အဲ့ဒီဘောင်ဘက်ကနေ သွားမယ်ပေါ့။ ၂၀၀၈ အောက်ကနေ အလုပ်လုပ်တာ၊ ပြောရမယ်ဆိုရင် အစိုးရဘက်ကနေကြည့်မယ် ဆိုရင်လည်း အမှားဘူးပေါ့။ တရားစီရင်ပေးတဲ့ သူတွေပေါ့။ သူတို့လည်း ၂၀၀၈ အောက်ကနေ အလုပ်လုပ်တာပေါ့နော်။ ကျွန်တော်တို့ ပြည်သူဘက်ကနေ ဆန္ဒပြတယ်ဆိုတာလည်း အရမ်းကောင်းတယ်။ ပြည်သူဘက်ကနေကြည့်မယ်ဆိုရင် အခုလို ထောင်ဒဏ်ခြောက်လနဲ့ ငွေငါးသိန်း ခံရတယ်ဆိုတာမဖြစ်သင့်ဘူး။ ဘာလို့လဲဆိုရင် တိုက်ပွဲကြားမှာ ပိတ်မိနေတဲ့ သူတွေကို ဟိုဘက်ကလည်း လာမခေါ်ဘူး။ စားနပ်ရိက္ခာလည်း လာမပေးဘူး။ စဉ်းစားကြည့်မယ်ဆိုရင် သေရင်သေ၊ သေတွင်းထဲ ပစ်ချလိုက်သလိုပဲလေ။ အဲ့ဒီတော့ အခုလို ဆန္ဒပြတဲ့ လုပ်ရပ်လုပ်တာက အရမ်းကောင်းတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စဉ်းစားကြည့်မယ်ဆိုရင် ၂၀၀၈ အခြေခံဥပဒေက စစ်တပ်ဘက်က သီးသန့်လုပ်ထားတယ်။ ၂၀၀၈က လုံးဝမှားတယ်။ အရမ်းတစ်ဖက်သတ်ဆန်တဲ့ ဥပဒေပေါ့။ အဲ့ဒီတော့ သူ့အောက်ကလာတဲ့ ဥပဒေတွေလည်း တအား တစ်ဖက်သတ်ဆန်တယ်။ ဥပမာဆို တရားစီရင်ရေးဆိုလည်း အဲ့ဒီ ဘောင်၊ အဲ့ဒီပေါ်လစီကနေပဲ လာတော့ လုံးဝကို တစ်ဖက်သတ်ဖြစ်နေမှာပဲ။ အဲ့ဒါကြောင့် အခုလိုဖြစ်တယ်ဆိုတာ အဲဒီဥပဒေတွေကြောင့် ခံရတာတော့ လုံးဝ မဖြစ်သင့်ဘူး။ တရားသူကြီး မှားတယ်လို့ ဆိုလိုချင်တာ မဟုတ်ဘူး။ အဲဒီ ဥပဒေကြောင့် ပြည်သူတွေခံရတာလို့ ပြောချင်တယ်။ ဒီလိုဆန္ဒထုတ်ဖော်ရေးလုပ်တာတော့ ပြည်သူတစ်ယောက်အနေနဲ့ လုံးဝကို လုပ်သင့်တယ်လို့ မြင်ပါတယ်။ ကျွန်တော် အဲဒီနေရာ ရှိနေရင် လုပ်ဖြစ်မှာပါ။




**ဒေါ်မရန်ကိုင်လိန်**

ကျွန်မမြင်တာကတော့ အဲ့ဒီလိုမျိုး အောင်လောဒ်မှာနေတဲ့ စစ်ကြောင့် ပိတ်မိနေတဲ့ ပြည်သူတွေအရမ်းများနေတဲ့ အချိန်မှာ အဲ့ဒီကနေ လွတ်မြောက်အောင် သူတို့လူငယ်တွေဦးဆောင်ပြီး လုပ်ခဲ့တယ်။ သူတို့ သုံးယောက်အနေနဲ့ နိုင်ငံတော်ကို ကျူးလွန်ထားတာ ဘာမှမရှိဘူး။ တရားရုံးကနေ အခုလိုမျိုး ထောင်ချတာကတော့. . . ။ ထောင်ချမယ်ဆိုရင်လည်း ထောင်ပဲချ။ အခုဟာက ဒဏ်ငွေပါ ဆောင်ခိုင်းတယ်ဆိုတော့။ ကျွန်မအမြင်အရပြောရမယ်ဆိုရင် ထောင်လည်း ၆လချတယ်။ ဒဏ်ငွေလည်း ဆောင်ခိုင်းတယ်ဆိုတော့ ကျူးလွန်ထားတာလည်း ဘာမှမရှိဘူး။ သူတို့က လူအများကြီးကို ကယ်တင်တယ်. . ပိတ်မိနေတဲ့ အထဲမှာ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေလည်းပါတယ်။ သူတို့တွေအားလုံး လွတ်မြောက်အောင် သူတို့က အပင်ပန်းခံ၊ ဒုက္ခခံပြီး ပြည်သူကိုကယ်တင်တာပဲလေ။ အဲ့ဒါကြောင့်ကျွန်မအနေနဲ့မြင်မိတာကတော့ကျွန်မတို့နိုင်ငံတော်အစိုးရက အရမ်းကိုမကောင်းဘူး။ ထောင်ဆိုတာက မကောင်းတဲ့ လူတွေကိုပဲ ထည့်တဲ့ နေရာ။ အခုဟာက လူအများကြီးကို ကယ်တင်နေတဲ့ လူတွေကိုပဲ ထောင်ထဲပို့တယ်။ မကောင်းတဲ့ လူတွေကျတော့ အပြင်မှာနေတယ်လို့ ကျွန်မမြင်မိပါတယ်။

# ာ်ရေးအတွက် ဦးဆောင်ဆန္ဒပြခဲ့သူ ၃ ဦးကို တရားရုံးက
# ာပေါ်ကချင်ပြည်နယ်သူလူထု၏အသံ

Ann ၊ Benadeth မေးမြန်းသည်။



**မဘောက်ဆန်**

ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ကျွန်မတို့ နိုင်ငံမှာ တရားဥပဒေစိုးမိုးမှုမရှိဘူးလို့ မြင်တယ်။ တပ်ဘက်ကနေ ပြန်ကြည့်မယ်ဆိုရင်လည်း သူတို့ကို ထိခိုက်သလိုဖြစ်တာပေါ့။ ဒါပေမဲ့ အရေးပေါ် အခြေအနေမှာဆိုရင် ဘယ်လိုမဆို ဖြစ်သွားနိုင်တာပဲလေ။ သူတို့လည်း ကိုယ်ကျိုးအတွက် လုပ်တာမှ မဟုတ်တာ။ စစ်အတွင်း ပိတ်မိနေတဲ့ ပြည်သူတွေအတွက် ဆန္ဒပြကြတာပဲ။ အဲ့ဒီအချိန်စကားလုံးကြမ်းတာတွေ ပါချင်ပါသွားမှာပဲ။ အဲဒီတော့ စွဲချက်တင်တယ်ဆိုရင်တောင် တရားလိုတွေဘက်ကအနေနဲ့ ခိုင်လုံတဲ့ သက်သေတွေနဲ့ဖြစ်ပြီး သူတို့ကိုယ်တိုင်လည်း တရားရုံးကို လာရမယ်လေ။ အခုက တရားလိုတွေက မလာပဲ တရားသူကြီးကနေပဲ ချမှတ်လိုက်တော့ ကျွန်မတို့နိုင်ငံမှာ တရားဥပဒေက ဘောင်မဝင်မှန်း အရမ်းသိသာတယ်။ ထောင်ခြောက်လ ဆိုတာကလည်း မဖြစ်သင့်ဘူး။ တကယ်လို့ ဂုဏ်သိက္ခာပိုင်း ထိခိုက်သွားတယ်ဆိုရင်တောင် ငွေဒဏ်လောက်နဲ့ပဲ ကျေအေးပေးလို့ရပါတယ်။ အခုက ထောင်ဒဏ်ဆိုတာက အရမ်းကြီးတယ်။ တိကျခိုင်လုံတဲ့ သက်သေတွေရှိမှ ဖြစ်သင့်တယ်။ လူတစ်ယောက်ကို နာကျင်ထိခိုက်စေတာလည်း မဟုတ်ဘူး။ သူတို့လည်း ကိုယ်ကျိုးအတွက်လုပ်တာလည်း မဟုတ်ဘူး။ သူတို့အခုလိုဆန္ဒပြလို့ပဲ နိုင်ငံတကာက မြင်ပြီး ပိတ်မိပြည်သူတွေကို လွတ်ပေးလာနိုင်တာပေါ့။ ဆိုတော့ ကျွန်မပြောချင်တာက ထောင်ဒဏ်တော့ မဖြစ်သင့်ဘူး။ ငွေဒဏ်လောက်နဲ့ပဲ ကျေအေးပေးသင့်တယ်လို့ မြင်ပါတယ်။

---

# ပထမအကြိမ် ပြုလုပ်မည့် ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ အခမဲ့သင်တန်းကို လျှောက်ထားနိုင်ပြီ

မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၃

ပထမအကြိမ် ပြုလုပ်မည့် ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ အခမဲ့သင်တန်းကို မြစ်ကြီးနားတက္ကသိုလ်၊ သုတေသနစင်တာ၌ ဇန်နဝါရီလ ၁၁ ရက်မှ ၁၃ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ဗြိတိသျှကောင်စီမြန်မာနှင့် Standard Chartered ဘဏ်တို့ ပူးပေါင်း၍ ကျင်းပမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ဗဟုသုတများ တိုးပွားစေရန်နှင့် မိမိလုပ်ငန်းတွင် ကောင်းမွန်စွာ ပြန်လည်အသုံးချနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း project manager ဒေါ်ဂျာထွယ်အောင်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"အဓိက ကတော့ အသေးစား၊ အလတ်စား လုပ်ငန်းရှင်တွေက စီးပွားရေးက လုပ်နေကြတယ်။ ဒါပေမဲ့ သူတို့ရဲ့ functional control ဘယ်လိုလုပ်မယ်ဆိုတာမသိတဲ့ စီးပွားရေးသမားတွေက များနေတယ်။ အဲဒါကြောင့် စီးပွားရေးကလုပ်နေကြပြီး functional control မရှိတဲ့အတွက် ခဏဆိုရင် သူတို့စီးပွားရေးက ကျရှုံးသွားတယ်။ functional control management ကို သေချာလုပ်တတ်မယ်ဆိုရင် သူတို့ စီးပွားရေးအတွက် စီစီစစ်စစ် လုပ်နိုင်မယ်လို့ မျှော်လင့်တယ်"ဟု ဒေါ်ဂျာထွယ်အောင်က ပြောသည်။

စီးပွားရေး လုပ်ငန်းတွင် ကြုံတွေ့ရသည့် ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့် နည်းစနစ်များ အကျွမ်းတဝင် ဖြစ်ချင်သူများနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် စီစဉ်နေသူများ လာရောက် လျှောက်ထားနိုင်ကြောင်း ဒေါ်ဂျာထွယ်အောင်က ဆက်လက်ပြောသည်။

"စီးပွားရေးတစ်ခုကို ဘယ်လိုထိန်းသိမ်းပြီး အောင်မြင်အောင် မလုပ်တတ်တဲ့သူတွေပြီးတော့ social interpret လည်းပါတဲ့အတွက် ပိုက်ဆံအတွက်သာမက တခြား ကိုယ့်ပတ်ဝန်းကျင်အတွက်၊ကိုယ့်လူမျိုးအတွက် အကျိုးရှိတဲ့ စီးပွားရေးလုပ်ယူနိုင်တဲ့ concept ကို ထည့်ပေးထားတယ်။ အဲဒါကြောင့် စိတ်ဝင်စားတဲ့ လူငယ်တွေအားလုံး တက်ရောက်နိုင်တယ်"ဟု ၎င်းက ပြောသည်။

ယင်း သင်တန်းတွင် ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (KSCCI) အနေဖြင့် စီစဉ်သူအဖြစ် ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း KSCCI ဒုဥက္ကဋ္ဌ ဦးထွန်းညွန့်က ပြောသည်။

"သူတို့လာလုပ်တော့ ကျွန်တော်တို့ KSCCI ကို ဆက်သွယ်လာတယ်။ အဲလို ဆက်သွယ်လာတော့ organizer အဖြစ်စုစည်းပြီးတော့ ပူးပေါင်းပါဝင်ပြီး လုပ်ပေးတယ်။ သင်တန်းသားတွေကို ဖိတ်ခေါ်ပေးတယ်။ ဒီသင်တန်းမှာ သင်တန်းမျိုးလို ပါဝင်ရလိမ့်မယ်ပေါ့"ဟု ဦးထွန်းညွန့်က ပြောသည်။

သင်တန်းကာလ ၃ရက်အတွင်း ငွေကြေးလည်ပတ်မှုကို စီမံခန့်ခွဲခြင်း၊ ရသုံးခန့်မှန်းခြေ ငွေစာရင်းရေးဆွဲခြင်း၊ ငွေစာရင်းမှတ်တမ်းများ ပြုစုထားရှိခြင်းနှင့် ခြုံငုံလေ့လာခြင်း၊ ငွေစာရင်းများကိုစစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊ အနာဂတ် စီးပွားရေးလုပ်ငန်း အစီစဉ်များ ရေးဆွဲခြင်းနှင့် လူမှုအကျိုးပြု စီးပွားရေးမိတ်ဆက်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းလျှောက်လွှာများကို ဇန်နဝါရီလ ၄ရက်နေ့တွင် နောက်ဆုံးထားပြီး လျှောက်ရမည်ဖြစ်ကြောင်းနှင့် လျှောက်လွှာပုံစံကို http://bit.ly/2FLTR4s တွင် ရယူနိုင်ပြီး E4E Application ဟု ခေါင်းစဉ်တပ်ကာ ဒေါ်ဂျာထွယ်အောင် (Jahtoi.Aungmm.britishcoucil.org) ဆီသို့ ပေးပို့လျှောက်ထားနိုင်သည့်အပြင် မြစ်ကြီးနားမြို့ရှိ ရွှေကြိုးကြာပုံနှိပ်တိုက်၊ အား/ကာ တိုက်တန်းတွင်လည်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

မျိုးမြတ်မြတ်ပန်

---

# စစ်ရှောင်စခန်း ပြောင်းရွှေ့ရန် မော်တော်ယာဉ် အကူအညီလိုအပ်နေ

မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၃

မြစ်ကြီးနားမြို့နယ်၊ မြစ်ဆုံ - တန်ဖရဲကျေးရွာ ရိုမန်ကက်သလစ် ဘုရားကျောင်းဝင်းရှိ စစ်ရှောင်ပြည်သူများသည် ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ပလန (၁)ရှိ စိန့်ဂျိုးဇက် ကက်သလစ်ဘာသာဝင်များ စစ်ရှောင်စခန်းသို့ ထပ်မံပြောင်းရွှေ့မည် ဖြစ်သောကြောင့် သွားလာရေးအတွက် မော်တော်ယာဉ်များ အကူအညီလိုအပ်ကြောင်း သိရသည်။

အိမ်ထောင်စုပေါင်း ၂၃၀ မှ စစ်ဘေးရှောင်ပြည်သူ ဦးရေ ၁၅၀၀ ကျော်လုံး ပြောင်းရွှေ့ကြမည်ဖြစ်၍ အကူအညီ လိုအပ်နေခြင်းဖြစ်သည်ဟု စခန်းဒုတာဝန်ခံ ဦးတူးမိုင်က ပြောသည်။

"ကျွန်တော်တို့က လူအရမ်းများတော့ သယ်ယူပို့ဆောင်ဖို့အတွက်ကို စိုးရိမ်နေရတာ။ ထင်းကအစ သယ်ရမယ်ဆိုတော့ ကားအကြီးနဲ့ သယ်ယူပို့ဆောင်မှ အဆင်ပြေမယ်"ဟု ပြောသည်။

ထပ်မံ ပြောင်းရွှေ့မည့် ပလန (၁) စိန့်ဂျိုးဇက် ကက်သလစ် စစ်ရှောင်စခန်းတွင် ရေ၊အိမ်သာနှင့် လျှပ်စစ်မီးများ အပြီးသတ် ဆောင်ရွက်ရန် ကျန်ရှိနေသေးသော်လည်း ကျောင်းသူကျောင်းသားများ ခရစ္စမတ် ကျောင်းပိတ်ရက်တွင် ပြောင်းရွှေ့ရန် စီစဉ်ရခြင်းဖြစ်သည်ဟုလည်း ဆိုသည်။

ထို စစ်ရှောင်စခန်းတွင် ကျောင်းသူ/သား စုစုပေါင်း ၂၀၀ ကျော် ရှိကြောင်း သိရသည်။

ထို စစ်ရှောင်များသည် ယခုနှစ် ဧပြီလအတွင်းက အင်ဂျန်းယန်မြို့နယ်အတွင်း တိုက်ပွဲများဖြစ်ပွားစဉ် ထွက်ပြေးတိမ်းရှောင် ပြောင်းရွှေ့လာသူများ ဖြစ်သည်။

လဖိုင်လု

## အမှားပြင်ဆင်ချက်

မြစ်ကြီးနားသတင်းဂျာနယ်
အတွဲ၅၊ အမှတ် ၄၅တွင် ပါရှိသော
"နိုင်ငံတော်ဒုတိယသမ္မတ ၂ ဦးဟင်နရီ ဗန်ထီးယူ
ကချင်ပြည်နယ်ခရီးစဉ်တွင်
ပြန်လည်စွန့်ပစ်မြေ ဧက ၁၀၀ ကျော်ပေးအပ်"
ဟူသော ခေါင်းစဉ်အစား "နိုင်ငံတော်ဒုတိယသမ္မတ (၂)
ဦးဟင်နရီ ဗန်ထီးယူ ကချင်ပြည်နယ်ခရီးစဉ်တွင်
မြစ်ကြီးနားခရိုင်အတွက်
ပြန်လည်စွန့်ပစ်မြေ ဧက ၁၀၀ ကျော်ပေးအပ်"ဟု
ပြင်ဆင်ဖတ်ရှုပါရန်

မြစ်ကြီးနားသတင်းဂျာနယ်
( ဒီဇင်ဘာ ၁၇ ၊ ၂၀၁၈ )

# ဂူဘားဧည့်ရိပ်သာ၏ ဧည့်သည်အသစ်များ

အင်ခိုင်ဘွမ် ရေးသားသည်။



ဝဲမှယာ ဒုတိယပုဂ္ဂိုလ်မှာ ပန်းချီစံတိုးဖြစ်သည်။

ပူတာအိုခရိုင်၊ မချမ်းဘောမြို့ရှိ ထင်ရှားသော ဂူဘားဧည့်ရိပ်သာသို့ အစိုးရအရာရှိများ၊ စာရေးဆရာများ၊ ဆေးဖက်သိပ္ပံပညာရှင်များနှင့် အခြားသိပ္ပံပညာရှင်များ၊ နိုင်ငံခြားသားအချို့ လာရောက်ခဲ့ကြောင်းမှတ်တမ်းများ ရှိခဲ့သည်။ စာရေးဆရာကြီး သိန်းဖေမြင့်၊ ရန်အောင်မောင်မောင်၊ သတင်းသမားများ၊ လေတပ်မတော်မှ ဗိုလ်မှူးချုပ်တီကလစ်တို့ ဇနီးမောင်နှံ၊ ဒုဗိုလ်မှူးကြီး ပီကျော်ဟန်၊ ဆရာဝန်ကြီး ဒေါက်တာချန်တိတ်၊ ခါကာဘိုရာဇီတောင်တက်အဖွဲ့မှ ဂျပန်လူမျိုးများသည် ဂူဘားဧည့်ရိပ်သာနှင့် ပတ်သက်၍ ၎င်းတို့၏ ထင်မြင်ယူဆချက်အမျိုးမျိုးကိုလည်း ဖွင့်ဟခဲ့ကြသည်။

စာရေးသူသည် လွန်ခဲ့သည့် လများမှစ၍ စာနယ်ဇင်း သရုပ်ဖော်ပန်းချီဆရာများအကြောင်းကို လေ့လာဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် သရုပ်ဖော်ပန်းချီဆရာများစွာ ရှိသော်လည်း ၎င်းဆရာတို့၏ အတ္ထုပ္ပတ္တိများမှာ လက်ချိုးရေတွက်၍ ရနိုင်အောင်ပင် နည်းပါးလှသည်။ ဆရာကြီး ဦးအုန်းလွင်၊ ဦးဘကြည်၊ ဦးမြတ်ကျော်၊ ဗဂျီအောင်စိုး၊ ဦးသောင်းဟန်၊ စံတိုး၊ ပေါ်ဦးသက်၊ ဝသုန်၊ မောင်မောင်သိုက် အစရှိသော ပန်းချီကျော်များ၏ စာအုပ်များ ကျန်ရှိခဲ့ခြင်းသည်ပင် ဝမ်းသာစရာကောင်းလှတော့သည်။ ဆရာကောင်းညွန့်၏ မဂ္ဂဇင်းသရုပ်ဖော်ပန်းချီဆရာများစာအုပ်ကြီးမှာလည်း သရုပ်ဖော်ပန်းချီများအကြောင်း သိရှိလိုသူများအဖို့ အသုံးဝင်လှသည်။

ပန်းချီစာအုပ်များ သီးသန့်ထားရှိသော စာအုပ်စင်မှ ဟိုစာအုပ်၊ ဒီစာအုပ် စသည်ဖြင့် လှန်ကြည့်မိရင်း လွမ်းဖွယ့်စံတိုးစာအုပ်ကို ထုတ်၍ ဆောင်းပါးအချို့ကို ဖတ်ရှုမိသည်။ ပန်းချီစံတိုးသည် ၁၉၆၂ ခုနှစ်ခန့်မှ ကွယ်လွန်ချိန် ၂၀၀၂ ခုနှစ် နှစ်ပေါင်း ၄၀ နီးပါး စာနယ်ဇင်း သရုပ်ဖော်ပန်းချီလောကတွင် ကျော်ကြားခဲ့သည့် ပန်းချီဆရာကြီး ဖြစ်သည်။ နိုင်ငံရေးရာ၊ ဘာသာရေးရာ၊ လူမှုရေးရာမဂ္ဂဇင်း၊ လုံးချင်းစာအုပ်များအတွက် မျက်နှာဖုံးပန်းချီ၊ သရုပ်ဖော်ပန်းချီပုံပေါင်းများစွာကို ရေးဆွဲခဲ့သည်။ အစိုးရ ဝန်ကြီးဌာနအသီးသီးမှ ထုတ်ဝေသော ပို့စကတ်၊ စာအုပ်စာစောင်များ၊ စာနယ်ဇင်းလုပ်ငန်းမှ စာအုပ် စာစောင်များအတွက်လည်း သရုပ်ဖော်ပုံများကို ရေးဆွဲပေးခဲ့သည်။

ကချင်ပြည်နယ်ဆိုင်ရာ မျက်နှာဖုံးပုံများနှင့် ပတ်သက်၍ နတ်နွယ်၏ မြန်မာပြည်မြောက်ပိုင်း၊ ယုဝတီဂျင်းဖောမယ်၏ မြောက်စွန်းဒေသခရီးသည်၊ ရန်အောင်မောင်မောင်၏ Tsaw ra ai Sein ၊ မောင်သွေးသစ်၏ အရှေ့အနောက်တောင်မြောက်ဝဲယာနှင့် အခြားကချင်ဘာသာစကား ဆိုင်ရာ စာအုပ်မျက်နှာဖုံး ပန်းချီများကို သတိပြု နှစ်ခြိုက်မိခဲ့သည်။ ပန်းချီစံတိုးသည် ပန်းချီအပြင် စာပေဟောပြောပွဲများ လိုက်လံဟောပြောရာတွင်လည်း ပွဲတောင်းခံရသူဖြစ်သည်။ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ အောင်ပန်း၊ ချောက်၊ တာချီလိတ်၊ တောင်ကြီး၊ မုံရွာ၊ ကျောက်ဖြူ ဟားခါး၊ ဟိုပုန်း စသည်ဖြင့် ပြည်နယ်နှင့်တိုင်းအစုံကို ရောက်ရှိခဲ့သည်။ စာပေဟောပြောပွဲများတွင် လက်တွေ့ပန်းချီရေးဆွဲခြင်းများကိုလည်း ပြုလုပ်ခဲ့သည်။



ပန်းချီစံတိုး

လွမ်းဖွယ့်ပန်းချီစံတိုးနှင့် ခရီးသွားဟူသော ကဏ္ဍရှိ ခရီးသွားဓာတ်ပုံများကို စိတ်ဝင်တစားကြည့်ရှုမိရာ တစ်နေရာတွင် မချမ်းဘော၊ ဂူဘားဧည့်ရိပ်သာရှေ့တွင် ဦးကျော်ထွေး၊ ကဗျာဆရာမောင်သွေးသစ်၊ ဦးလနန်ဘောက်၊ ကိုနေဝင်း (ဘဝတက္ကသိုလ်)၊ ဦးဆိုင်၊ ဦးတင်ဝင်းတို့နှင့်အတူ ရိုက်ကူးထားသောပန်းချီစံတိုး၏ဓာတ်ပုံကို တွေ့လိုက်မိသည်။ ၁၉၈၃ ခုနှစ်တွင် ရိုက်ကူးသည်ဟု သိရသည်။ ထိုဓာတ်ပုံကိုကြည့်ရင်း စာရေးသူ၏ မှတ်စုက ဂူဘားဧည့်ရိပ်သာသို့ လာရောက်ကြသောဧည့်သည်များစာရင်းတွင် အစိုးရအရာရှိများ၊ စာရေးဆရာများ၊ ဆေးဖက်သိပ္ပံပညာရှင်များနှင့် အခြားသိပ္ပံပညာရှင်များ၊ နိုင်ငံခြားသားအချို့ အပြင် ပန်းချီဆရာ၊ ကဗျာဆရာများ၏ နာမည်ကိုတို့ထိဖြစ်လိုက်မိသည်။ ထို ဂူဘားခရီးစဉ်နှင့် ပတ်သက်၍ တော့ ရန်ကုန်မြို့၊ သံဈေးရှိ Yangon Book Plaza တွင် မကြာခဏ တွေ့ရလေ့ရှိသော ဆရာမောင်သွေးသစ်ကို မေးမြန်းကြည့်ရန်ဟူ၍လည်း စာရင်း တို့ထားမိလိုက်ပေသည်။ ဂူဘားဧည့်ရိပ်သာ ဧည့်သည်သစ်များ၏ ခရီးစဉ်သည် မည်သို့သော ခရီးစဉ်နည်း။ စာပေဟောပြောပွဲခရီးစဉ် လေလား. . .။ ဆရာ မောင်သွေးသစ်ကို မေးမြန်းကြည့်ရပေဦးမည်။

# ဝါးလက်မှု နည်းပညာအခမဲ့သင်တန်း မြစ်ကြီးနားမြို့တွင် ဖွင့်လှစ်

မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၂

ဝါးလက်မှုနည်းပညာ အခမဲ့သင်တန်းကို မြစ်ကြီးနားမြို့နယ်၊ ဒွမ်ဘန်ကျေးရွာရှိ ဝိုင်ဉယျာဉ်ခြံတွင် ဒီဇင်ဘာလ ၉ ရက်နေ့တွင်စတင်ကာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းကို ၁၄ ရက်ကြာ ပြုလုပ်သင်ကြားသွားမည်ဖြစ်ကာ အလုပ်အကိုင်မရှိသူများ အလုပ်အကိုင်ရရှိကာ တစ်နိုင်တစ်ပိုင်ရပ်တည်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ဝိုင်ဉယျာဉ်ခြံပိုင်ရှင် ဦးနေမျိုးထွန်းအောင်က ပြောသည်။

"ဝါးလုပ်ငန်းဆိုတာ အရင်းအနှီးက သိပ်မလိုဘူးလေ။ သူတို့မှာရှိတဲ့ ပစ္စည်းနဲ့ သူတို့ရဲ့ ဘဝက ဖြတ်သန်းလို့ ရတယ်။ ရှိတဲ့မိသားစုနဲ့ ဝိုင်းပြီးတော့ လုပ်လိုက်လို့ရှိရင် အပိုဝင်ငွေ တွေရတယ်။ ငွေ လုံးဝအရင်းအနှီးမရှိပါဘူးဆိုတဲ့ လူလည်း စီးပွားရေးလုပ်ငန်းတစ်ခု စထောင်လို့ရပြီ"ဟု ဦးနေမျိုးထွန်းအောင်မှ ပြောသည်။

ဝါးသင်တန်းသို့ လူဦးရေ ၅၀ တက်ရောက်သင်ယူနေကြောင်းသိရပြီး သင်တန်းပို့ချသူ မြန်မာနိုင်ငံဝါးအသင်းမှ သင်တန်းဆရာ နှစ်ဦးဖြင့် သင်ကြားနေကြောင်း သိရသည်။

ယင်းသင်တန်းတွင်ဝါးများကို ပိုးမထိုးအောင်တားဆီးနည်း၊ ပေါင်းတင်နည်း၊ ဝါး မီးသွေးထုတ်လုပ်ပုံ အစရှိသည့် ဝါးလက်မှုပညာများကို အဆင့်ဆင့် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဝါးသင်းမှ အဖွဲ့ဝင် ဦးခင်မောင်က ပြောသည်။

"ကျွန်တော်တို့နိုင်ငံက ဝါးကို တန်ဖိုးမထားဘူး ဖြစ်နေတယ်။ အဲဒီတော့ လူငယ်တွေ ဝါးနဲ့ ရင်းနှီးလာအောင် ဝါးတွေရဲ့ တန်ဖိုးတွေ သိလာအောင်၊ ဝါးတွေက ပြည်ပနိုင်ငံအထိ တင်ပို့နိုင်တယ်ဆိုတာ သိလာအောင် အဓိကသင်ကြားပေးမယ်လို့ သင်တန်းဆရာ ဦးခင်မောင်မြင့်က ပြောသည်။

ဝါး လက်မှုပြုလုပ်ခြင်းသင်တန်းသို့ အောင်မြင်သာကျေးရွာ ဒွမ်ဘန်ယန်၊ တန်ဖရဲ အနီးရှိ ရွာများမှ ဝါးလုပ်ငန်း စိတ်ပါဝင်စားသူများ တက်ရောက်ကြောင်း သိရသည်။

အဆိုပါ ဝါးလုပ်ငန်းဖြင့် မိသားစု စားဝတ်နေရေး အဆင်ပြေစေရန် လာရောက်သင်ယူခြင်းဖြစ်သည်ဟု ဒွမ်ဘန်ရွာမှ ဦးတူးလွန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ရွာမှာဆိုတော့ ဝါးတွေက အရမ်းပေါတယ်လေ။ ဒါပေမဲ့ အသုံးမပြုတတ်ဘူး။ ဒါကြောင့် ရှိတဲ့ဝါးတွေနဲ့ အပိုဝင်ငွေရအောင်ဆိုပြီး လာရောက်သင်ကြားခြင်းဖြစ်ပါတယ်"ဟု သင်တန်းသား ဦးတူးလွန်က ပြောသည်။

ဝိုင်ဉယျာဉ်ခြံတွင် အခမဲ့ ဝါးလက်မှုပညာ သင်တန်းအပြင် နောင်လာမည့်နှစ်များတွင် မုန့်ဖုတ်နည်းသင်တန်း၊ စက်မှုလက်မှုသင်တန်းများကိုလည်း ဒေသခံများ အလုပ်အကိုင်ရရှိနိုင်ရန် အခမဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ah Je

## အမည်ပြောင်းကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ (MD-13A)တွင်နေထိုင်သော ဦးဂွန်းအောင်၏သား အမည်ရင်းမှန်မှာ မောင်ဆင်ဝါးနော် (ခ)ဆယ်မြူဆင်ဝါး ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးဂွန်းအောင်**
၁/မကန(နိုင်) ၁၀၅၃၄၈

**တုတ်ထိုး** - ထောင်ချလိုက်ပြီ၊ ထောင်ချလိုက်ပြီ။
**အိုးပေါက်** - ဘယ်သူ့ကို ထောင်ချတာတုန်း။ ဦးကိုနီကို သတ်တဲ့အမှုနဲ့ တရားစွဲခံရတဲ့ ဦးကြည်လင်းကို ထောင်ချလိုက်တာလား။

**တုတ်ထိုး** - မဟုတ်ဘူး။ ဦးကြည်လင်းကို ထောင်ချတာပြောတာမဟုတ်ဘူး။ မိုးအောင်ရင်ကို ထောင်(၁၇)နှစ် ချလိုက်တာကို ပြောတာဗျို့။
**အိုးပေါက်** - ဆေးပြားနည်းတာတောင် ထောင်(၁၇)နှစ် ချတယ်ဆိုတော့ ဆေးပြားကားတွေ အစီးလိုက်မိတာတို့၊ ပိုင်ရှင်မပေါ်တဲ့ မူးယစ်ဆေးဝါးတွေသာ ပိုင်ရှင်ပေါ်သွားလို့ကတော့ ဒီလူတွေ ဒီတစ်သက် ထောင်ထဲက ထွက်ရတော့မှာ မဟုတ်ဘူး။

**တုတ်ထိုး** - မူးယစ်ဆေးသုံးတဲ့လူတွေ၊ လက်ဝယ်ကိုင်ဆောင်သူတွေအားလုံး အဖမ်းခံခဲ့ရရင် ထောင်တောင် ဆံ့မှာမဟုတ်ဘူးနော်။
**အိုးပေါက်** - ဒါနဲ့ တလောတုန်းက မိုးအောင်ရင်ကို ထောင်ဒဏ် ငါးနှစ် ချလိုက်တယ်လို့ ကြားမိလိုက်သလားလို့။

**တုတ်ထိုး** - ဒါနဲ့ နေပါဦး။ မိုးအောင်ရင်ကို ဥပဒေအရ အရေးယူလိုက်တာတော့ ထားပါဦး။ ဦးကိုနီအမှုတို့၊ ငါးလောင်းပြိုင် လူသတ်မှုတို့လို အမှုအကြီးကြီးတွေကျတော့ ဘာလို့ ခုထိ မမိနိုင်ကြသေးတာလဲဟင်။
**အိုးပေါက်** - ဒါတော့ စိတ်ပျက်စရာပါပဲ။

**တုတ်ထိုး** - ပြစ်မှု ကျူးလွန်သူတိုင်းကို အရေးမယူနိုင်တာကတော့ တရားဥပဒေစိုးမိုးမှု မရှိလို့ လို့ ပြောရမှာပါပဲ။ သာမန်ပြည်သူတွေကြားမှာ ဖြစ်တဲ့ လူသတ်မှုတို့ ခိုးမှုတို့လို အမှုတွေမှာဖမ်းဆီးနိုင်တာ၊ အရေးယူနိုင်တာတွေ လုပ်နိုင်ပြီး အမှုအကြီးကြီးတွေကျတော့ ဘာလို့ တရားမစီရင်နိုင်ရတာလဲ။
**အိုးပေါက်** - တရားဥပဒေအထက်မှာ ဘယ်သူရှိနေသေးတာလဲမှ မသိတာ။

**တုတ်ထိုး** - မူးယစ်ဆေးဝါးအမှုတွေ ကြည့်လေ။ များများမိရင် ပိုင်ရှင်မဲ့ဖြစ်ဖြစ်သွားတာပဲ။ ဥပဒေဟာ မျက်နှာကြီးရာ ဟင်းဖတ်ပါတာမျိုး မဖြစ်ဖို့ လိုတယ်ဗျို့။
**အိုးပေါက်** - ဒါနဲ့ ဦးကိုနီအမှုကို စစ်ဆေးနေတာ မပြီးသေးဘူးလား။

**တုတ်ထိုး** - ဘာလို့။




**အိုးပေါက်** - ဦးကြည်လင်းကို ရုံးချိန်းခေါ်တာ အကြိမ် ၉၀ ကျော်ပြီဗျ။ အမှုက အခုထိ မပြီးပြတ်သေးဘူး။ ရုံးချိန်း ၉၀ ကျော်ပြီဆိုတော့ ဂင်းနစ်စံချိန် တင်လောက်တယ်။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ဦးကိုနီ လုပ်ကြံခံရတဲ့အမှုကို မြန်မြန်စစ်ဆေးပေးလို့ရအောင် အင်းစိန်ထောင်ထဲက အထူးတရားရုံးကို ပြောင်းစစ်စေချင်တယ်လို့ တရားလိုရှေ့နေ ဦးရောဘတ်စန်းအောင်ကတော့ပြောလိုက်သဗျ။
**အိုးပေါက်** - ဦးကြည်လင်းတစ်ယောက်တော့ လူ့ဘဝကနေ မသေမချင်း ရုံးချိန်းနေရတော့မယ်ထင်ပါရဲ့။ သနားလိုက်တာ။ ကျွတ် ကျွတ် ကျွတ်။

**တုတ်ထိုး** - ခရုတို့ ပက်ကျိတို့ ကမ္ဘာပတ်ရင်သာ အပတ်တစ်ရာ အရင်ပြည့်မယ်။ ဦးကြည်လင်း ရုံးချိန်းကတော့ပြီးဦးမယ့်ပုံ မပေါ်ပါဘူးဗျာ။
**အိုးပေါက်** - ဘာလို့။

**တုတ်ထိုး** - အခုကြည့်လေ။ ၉၃ ကြိမ်တောင်ရှိပြီ ရုံးချိန်းက၊ လာမယ့် ရုံးချိန်းကို ဒီဇင်ဘာ ၂၀ ရက်နေ့မှာ ပြန်ချိန်းထားသေးတယ်။
**အိုးပေါက်** - ဒါနဲ့ ကြားဖြတ်ပြီး ခင်ဗျားကို သတိပေးရဦးမယ်။ ကားဆီဖြည့်နေတုန်း ဖုန်းမပြောနဲ့ဗျ။ ပေါက်ကွဲတတ်တယ်။

**တုတ်ထိုး** - ဗျာ။
**အိုးပေါက်** - ဟုတ်တယ်။ ဒီဇင်ဘာ ၁၃ ရက်နေ့က ကားဆီဖြည့်နေချိန်မှာ ဖုန်းမပြောရတားမြစ်ထားတဲ့ကြားက ဖုန်းပြောခဲ့လို့ လူတစ်ဦး ပေါက်ကွဲဒဏ်ရာတွေနဲ့ သေဆုံးမှုတစ်ခု မုံရွာမှာ ဖြစ်ခဲ့တယ်။ ဆီထည့်နေတုန်း လက်ကိုင်ဖုန်းနဲ့ ဖုန်းပြောနေခဲ့တာဗျ။

**တုတ်ထိုး** - သတိ၊ သတိ၊ သတိ။ သွားသတိ၊ လာသတိ၊ နေသတိ၊ ထိုင်သတိပေါ့ဗျာ။
**အိုးပေါက်** - ပိုက်ဆံတစ်သောင်းတန် အတုတွေကိုလည်း သတိထားဗျို့။ အခုလက်ရှိအစိုးရလက်ထက်သက်တမ်း ၂နှစ်ခွဲအတွင်းမှာတောင် ငွေအတု ပြုလုပ်မှုတွေ၊ ငွေအတုဖမ်းဆီးမှုတွေ ဒေသအစုံကဘဏ်တွေမှာ ငွေအပ်နေချိန်တွေ့ရတဲ့ အမှုတွေကိုလည်း ဆက်တိုက် ကြားနေရတယ်။

**တုတ်ထိုး** - ငွေစက္ကူ အတုအစစ် ဘယ်လိုခွဲမတုန်းဗျ။
**အိုးပေါက်** - တစ်သောင်းတန် ငွေစက္ကူအစစ်တွေမှာ အစိမ်း၊ အနီရောင် ပြောင်းလဲနိုင်တဲ့ ရောင်ပြန်ကြိုး ပါတယ်ဗျ။ တစ်သောင်းတန် (၁၀၀၀၀)လို့ ဖော်ပြထားတဲ့ နေရာတွေမှာ ချောမွေ့မှု မရှိဘူး။ ကြမ်းနေတာ။ ငွေကြိုးက တစ်ဝက်ပေါ် တစ်ဝက်မြုပ်နေတယ်။ အဲဒါကတော့ အစစ်ရဲ့ ထူးခြားချက်ပေါ့ဗျာ။

**တုတ်ထိုး** - အတုကရော။
**အိုးပေါက်** - အတုက ရောင်ပြန်ကြိုးက အနီရောင်ဖြစ်နေတယ်ဗျ။ (၁၀၀၀၀)လို့ ဖော်ပြထားတဲ့နေရာတွေက ချောမွေ့နေတယ်တဲ့ဗျ။ ပြီးတော့ ငွေကြိုးထည့်သွင်းထားခြင်း မရှိဘူးတဲ့ဗျ။ ပြီးတော့ ငွေစက္ကူကို ရေနဲ့ထိတွေ့ရင် စက္ကူသားတွေလိပ်ပြီး ကွာကျတာတို့ဖြစ်တယ်တယ်လို့ ဂျာနယ်တွေမှာ ဖတ်ဖူးသဗျ။

**တုတ်ထိုး** - ငွေစက္ကူအတု အစစ်သိရအောင် ဘာလုပ်ရင်ကောင်းမလဲ။
**အိုးပေါက်** - လွယ်လွယ်လေးပါပဲ။ ရဲစခန်းကို သွားပြပါ။

**တုတ်ထိုး** - ဟိုက အတုအစစ်ခွဲခြားပြမှာလား။
အိုးပေါက် - အင်း။

**တုတ်ထိုး** - ဘယ်လို ခွဲပေးမှာလဲ။
**အိုးပေါက်** - ယူထားရင် အစစ်၊ လက်ထိပ်ခတ်လိုက်ရင် အတုပဲဗျို့။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။ ဒီက အကောင်းမှတ်လို့ နားထောင်နေတာ။
**အိုးပေါက်** - ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - သာမန်ပြည်သူတွေကတော့ ငွေစက္ကူကို အတုအစစ် မခွဲခြားတတ်ကြပါဘူး။
အိုးပေါက် - ဒီနှစ် နိုဝင်ဘာနဲ့ ဒီဇင်ဘာအတွင်းမှာတောင် စကော်ပူနိုင်ငံသား ဇနီးမောင်နှံဆီကနေ တစ်သောင်းတန်အတု ၄၅ ရွက်၊ ထိုင်းနိုင်ငံသူဆီကနေ တစ်သောင်းတန်အတု ၄၁ ရွက်၊စကော်ပူကပြန်လာတဲ့ဒိုက်ဦးမြို့နယ်ကကျေးရွာသားတစ်ဦးဆီကနေ ငွေအတု ၁၅၄ ရွက် တွေ့ရှိထားတယ်တဲ့ဗျ။

**တုတ်ထိုး** - ငွေစက္ကူအတု နောက်ဆက်တွဲ ဘာတွေဖြစ်လာနိုင်သလဲ။
**အိုးပေါက်** - သာမန်ပြည်သူတွေအနေနဲ့ တစ်သောင်းတန်တို့၊ ငါးထောင်တို့ကို စိုးရိမ်စိတ်နဲ့ သုံးစွဲလာနိုင်တယ်။ တစ်သောင်းတန်ကို လက်မခံရဲတာမျိုး ဖြစ်လာနိုင်တယ်။

**တုတ်ထိုး** - နောက်ကွယ်က လက်မည်းကြီးတွေများ ရှိနေမလား။
**အိုးပေါက်** - ဘာပဲဖြစ်ဖြစ် သတိရှိရမှာပါပဲ။ နောက်ကွယ်က လက်မည်းကြီးတွေ မရှိပါစေနဲ့လို့ ဆုတောင်းရမှာပါပဲ။

**တုတ်ထိုး** - ကျုပ်တောင် ဟိုတစ်နေ့က လက်ဖက်ရည်ဆိုင်ထိုင်တော့ တစ်သောင်းတန် ပေးမိတယ်။ စားပွဲထိုးက မယုံသင်္ကာနဲ့ ကြည့်တယ်။ ဆိုင်ရှင်က ဖင်ပြန်ခေါင်းပြန် စစ်ကြည့်တယ်။
**အိုးပေါက်** - တစ်သောင်းတန် ပေါ်တာကြာပြီ။ ကျုပ်ဖြင့် ပူအောင်တောင် မကိုင်ဖူးပါဘူးဗျာ။

**တုတ်ထိုး** - သိပ်မကြာသေးပါဘူးဗျ။ ငွေစက္ကူပေါ်တာ ဘာကြာသေးလို့လဲ။ ဇွန်လ ၁၅ ရက်၊ ဦးသိန်းစိန် အစိုးရလက်ထက်မှာ စပြီး ထုတ်ဝေတာ။ ၂၀၁၅ ဇူလိုင် ၁ ရက်မှာတော့ ပုံစံအသစ် ၁၀၀၀၀ တန်ကို ထပ်ပြီး ထုတ်ခဲ့တာပဲ။
အိုးပေါက် - ကျုပ်တို့ ပြည်သူများလည်း တစ်သောင်းတန် အတုတွေ လက်ထဲ မရောက်လာကြပါစေနဲ့ဗျာ။ ငွေစက္ကူအတုတွေဘေးမှ လွတ်ကင်းကြပါစေဗျာ။

**တုတ်ထိုး** - အမတ်အတု၊ အစားအသောက်အတုတွေနဲ့လည်း ဝေးကြပါစေဗျာ။
**အိုးပေါက်** - ဘယ်က အမတ်အတုက ပါလာတာလဲ။

**တုတ်ထိုး** - ရွေးကောက်ပွဲနီးမှ ပြည်သူ့ရှေ့ရောက်ပြီး နေရာလည်းရရော ပြည်သူကြားထဲက ပျောက်သွားတဲ့ သူဟာ အမတ်အတုပေါ့။
**အိုးပေါက်** - အရက်အတုများနဲ့လည်း ဝေးကြပါစေ။

**တုတ်ထိုး** - ဒီမိုကရေစီအတုနဲ့လည်း ဝေးကြပါစေ။
**အိုးပေါက်** - ကျုပ်တို့ဆီမှာ အစစ်တွေ ရှိပါသေးတယ်ဗျ။

**တုတ်ထိုး** - ဘာတွေတုန်းဗျ။
**အိုးပေါက်** - သေနတ်စစ်စစ်၊ စစ်ပွဲစစ်စစ်၊ ဆင်းရဲမှု အစစ်၊ ပညာရေးနိမ့်ကျမှု အစစ်၊ တရားဥပဒေစိုးမိုးမှု မရှိသေးတာ အစစ်။ မူးယစ်ဆေးဝါးတွေ မပပျောက်သေးတာ အစစ်။ အသက်စစ်စစ်နဲ့ ဒုက္ခစစ်စစ်တွေပါဗျာ။

**တုတ်ထိုး** - ပြောစရာစကားလုံးတောင် မရှိတော့ပါဘူးဗျာ။
**အိုးပေါက်** - .....။

**တုတ်ထိုး** - .....။
**အိုးပေါက်** - .....။ ။

# ဆန္ဒပြအဖွဲ့ ဦးဆောင်သူများကို အမြန်ဆုံးပြန်လွှတ်ပေးရေး ကချင်ပြည်သူများ ဆန္ဒပြတောင်းဆို




မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၄

တနိုင်းနှင့် ကာမိုင်းဒေသတွင် တိုက်ပွဲများကြား ပိတ်မိ စစ်ရှောင်ပြည်သူများ လွတ်မြောက်ရေးအတွက် ဆန္ဒပြသည့်အဖွဲ့ကိုဦးဆောင်သူ သုံးဦးကို မြစ်ကြီးနားမြို့နယ်တရားရုံးက အလုပ်မဲ့ ထောင်ဒဏ် ၆ လနှင့် ငွေဒဏ် ၅ သိန်း ချမှတ်ခဲ့ခြင်းကို အမြန်ဆုံးလွှတ်ပေးရန် မြစ်ကြီးနားမှ ထောင်နှင့်ချီသော ကချင်ပြည်သူလူထုများ ဒီဇင်ဘာလ ၁၁ ရက်တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

မြစ်ကြီးနားမြို့နယ် တရားရုံးက ထောင်ခြောက်လစီနှင့် ဒဏ်ငွေ ငါးသိန်းစီ စီရင်ချမှတ်ခဲ့သည့်အပေါ် ခြွင်းချက်မရှိ လွတ်မြောက်ရေးနှင့် အမှန်တရားဖော်ထုတ်ရေးတို့ကို တောင်းဆိုကြပြီး နံနက် ၉ နာရီတွင် မနောင်ကွင်းမှစတင်ထွက်ခွာကာ မြစ်ကြီးနား မြို့တွင်းလမ်းများပေါ် စီတန်းလမ်းလျှောက် လှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြခြင်း ဖြစ်သည်။

ထို့အပြင် ၎င်းတို့သုံးဦး ပြစ်ဒဏ်ချမှတ်မှုကို ပြင်းထန်စွာ ရှုံ့ချကြောင်းလည်း သဘောထားထုတ်ပြန်ချက် တစ်ရပ်ကို လူထုဆန္ဒဖော်ထုတ်ရေး အစီအစဉ် ဖြစ်မြောက်ရေး ကော်မတီက ထုတ်ပြန်ခဲ့သည်။

ပိတ်မိပြည်သူများ လွတ်မြောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုအတွက်ကြိုးပမ်းခဲ့ဆောင်ရွက်ခဲ့ကြသူများအပေါ် တရားစွဲဆိုခဲ့မှုနှင့်ယင်းအမှုကို လက်ခံ၍ စီရင်ဆုံးဖြတ်သော မြစ်ကြီးနားမြို့နယ်တရားရုံးကို ပြင်းထန်စွာ ရှုံ့ချကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော တရားစီရင်ရေး မဟုတ်ကြောင်း ပေါ်လွင်ထင်ရှားနေသည်သာမက လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ဖိနှိပ်၊ နှိပ်ကွပ်ခြင်းသာ ဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အပြင် ယခုကဲ့သို့ စီရင်ဆုံးဖြတ်မှုသည် မြန်မာနိုင်ငံ၏ လက်ရှိ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုလည်း ထိခိုက်စေကြောင်း ရေးသားဖော်ပြထားသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ရာတွင် တိုက်ပွဲများကြား ပိတ်မိခဲ့သည့် စစ်ရှောင်ပြည်သူများလည်း ပူးပေါင်းပါဝင်ခဲ့ကြပြီး ကေဘီစီဥက္ကဋ္ဌ ဒေါက်တာ ခလမ်ဆမ်ဆွမ်လည်း တက်ရောက်ခဲ့သည်။

ဒေါက်တာ ခလမ်ဆမ်ဆွမ်က ယခုကဲ့သို့ လာရောက်ပူးပေါင်း ဆန္ဒပြရခြင်းမှာ အစိုးရကို ဆန့်ကျင်ခြင်း မဟုတ်ဘဲ အမှန်တရားကို လိုလားသည့်အတွက် အမှန်တရားဘက်မှ ရပ်တည်ပြီး ဆန္ဒဖော်ထုတ်ရခြင်းဖြစ်သည်ဟု ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဒေါက်တာခလမ်ဆမ်ဆွမ်က ပြောသည်။

"ယနေ့ မြန်မာပြည်မှာ ဥပဒေစိုးမိုးရေးဆိုတာ ရှာလို့မရပါဘူး။ 'လူကိုခင်ရင်' 'မှုကိုပြင်'တယ်။ 'လူကိုမုန်းရင်' 'မှုကိုသုံး'ဆိုတဲ့ ဆိုရိုးစကားဟာ မြန်မာစကား ဖြစ်ပါတယ်။ ဒီကိစ္စဟာ အမှန်ဆိုရင် ဒီ လူငယ်ခေါင်းဆောင် ၃ ဦးရဲ့ အဖြစ်အပျက်ဟာ ထောင် ၆ လနဲ့ ဒဏ်ငွေ ၅ သိန်း ဒီလို စီရင်ဆုံးဖြတ်ချက်ချစရာ အကြောင်းလည်း မရှိဘူး။ ဒီလို လုပ်လိုက်ခြင်းဟာ တရားဥပဒေဟာ ဘယ်သူကိုင်ထားတယ်၊ ဘယ်သူ့လက်ထဲမှာရှိတယ်ဆိုတာကို ပြသနေခြင်းလည်းဖြစ်ပါတယ်"ဟု ဒေါက်တာ ခလမ်ဆမ်ဆွမ်က ဝေဖန်ပြောဆိုသည်။

ထို့အပြင် ၎င်းအနေဖြင့် လူတိုင်းကိုချင်ခင်ပြီး လူတိုင်းအပေါ် မေတ္တာထားနိုင်သော်လည်း မတရားသည့်အရာများကို မုန်းတီးသည့်အတွက် မတရားသည့်ဘက်တွင် ရပ်တည်မည် မဟုတ်ကြောင်းလည်း ဆန္ဒဖော်ထုတ်ပွဲတွင် ပြောဆိုခဲ့သည်။

ဆန္ဒဖော်ထုတ်စဉ် ကချင်လူထုများက "အမှန်တရားဘက် ရပ်တည်မှုမရှိသော တရားသူကြီး(အလိုမရှိ)၊ "လူ့အခွင့်အရေး ချိုးဖောက်သူများအား ထိရောက်စွာ အရေးယူပေးရေး"၊ "ပိတ်မိပြည်သူလွတ်မြောက်ရေးဆောင်ရွက်သူ ၃ ဦးအား ထောင်ဒဏ်ချမှတ်ခဲ့သည့် မြစ်ကြီးနားမြို့နယ် တရားရုံးအားပြင်းထန်စွာရှုံ့ချပါသည်"၊ "ပြည်သူတင်မြောက်တဲ့အစိုးရဟာ ပြည်သူဝေဖန်တာကို ခံနိုင်ရမယ်"၊ "တရားမျှတမှုမရှိဘဲ ထောင်ချခံထားရသော ဦးလွမ်းဇောင်း၊ ဦးဇော်ဂျတ်နှင့်ဒေါ်နန်ပူတို့အားခြွင်းချက်မရှိ ချက်ချင်း လွှတ်ပေးရေး" စသည့် စာသားများပါဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ လမ်းတစ်လျှောက် ကြွေးကြော်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်ချိန်တွင် ကချင် အမျိုးသားအလံ၊ Is Democracy Falling ?၊ Failed Law ဆိုင်းဘုတ်နှင့် ဦးလွမ်းဇောင်း၊ ဦးဇော်ဂျတ်၊ ဒေါ်နန်ပူတို့ပုံများ ပါရှိသည့် ဗွီနိုင်းပုံတို့ကိုမူ ကိုင်ဆောင်ခွင့် မပြုခဲ့ပေ။ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆန္ဒဖော်ထုတ်ရန် စာတင်ပြစဉ်က မပါဝင်ဘဲ ထည့်သွင်းကိုင်ဆောင်ခဲ့သည့်အတွက် ခွင့်မပြုကြောင်း မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမြင့်မိုးက သတိပေးအကြောင်းကြားခဲ့သည်။

လော်စပီကာ အသုံးပြုမှု၊ ခွင့်ပြုချက်မဲ့ပိုစတာအသုံးပြုမှုများကြောင့် ယင်း ဆန္ဒပြဦးဆောင်ခဲ့သူ ကိုလမာဆန်အောင်နှင့် ဒေါ်လုဆန်တို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမြင့်မိုးကငြိမ်း/စု/စီပုဒ်မ ၂၀ဖြင့်ထပ်မံအမှုဖွင့်တိုင်ကြားခဲ့ကာ ဒီဇင်ဘာ ၁၄ ရက်တွင် ၎င်းတို့ ၂ ဦးကို နေ့ချင်းပြီး တရားစွဲတင် အမိန့်ချမှတ်ခဲ့ရာ မြို့နယ်တရားရုံးက ဒဏ်ငွေ ကျပ်တစ်သောင်းစီပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။

ယခုကဲ့သို့ ပိတ်မိပြည်သူများ လွတ်မြောက်လာရေးအတွက် ကြိုးပမ်းခဲ့သူ ၃ ဦးကို ထောင်ဒဏ်နှင့်ငွေဒဏ် ချမှတ်ခဲ့သည့်အပေါ်တွင်မြန်မာနိုင်ငံတစ်ဝန်းရှိ အဖွဲ့အစည်းများ၊ ပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများက တရားမျှတမှု မရှိသည့် ပြစ်ဒဏ်ဖြစ်ကြောင်း ထုတ်ပြန်ချက်များ အသီးသီး ထုတ်ပြန်ခဲ့ကြသည်။

ထို့အပြင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးခင်မောင်မြင့်ကပိတ်မိပြည်သူများ လွတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့သည့် ဦးလွမ်းဇောင်း၊ ဦးဇော်ဂျတ်၊ ဒေါ်နန်ပူတို့အား ပုဒ်မ ၅၀၀ အကြည်ညိုပျက်စေမှုဖြင့် ထောင်ဒဏ် ၆ လနှင့် ဒဏ်ငွေ ၅ သိန်း ချမှတ်ခြင်းကိစ္စ၊ ယင်း စီရင်ချက်ကို ကျေနပ်မှုမရှိ၍ ဆန္ဒပြခဲ့သော ကိုဆိုင်းခွမ်အောင်၊ ကိုဘရန်မိုင်၊ မဆွတ်ဆိုင်းထွယ်တို့အား ငြိမ်း/စု/စီ ပုဒ်မ ၁၉ ဖြင့် တရားစွဲခဲ့သည့် ကိစ္စ၊ ဒီဇင်ဘာ ၁၁ ရက်နေ့ ပြုလုပ်ခဲ့သည့် လူထုဆန္ဒပြပွဲတွင် ဦးဆောင်သူကိုလမာဆန်အောင်နှင့် ဒေါ်လုဆန်တို့အား ပုဒ်မ ၂၀ ဖြင့် တရားစွဲဆိုခဲ့မှု ကိစ္စတို့နှင့် ပတ်သက်ပြီး နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံ တင်ပြစာများ ပေးပို့ခဲ့သည်ဟု ဆိုသည်။






Salai

# တရားရုံး ပြစ်ဒဏ်ချမှတ်မှုကို မကျေနပ်၍ ဆန္ဒဖော်ထုတ်သူ နောက်ထပ်သုံးဦးအမှု စတင်စစ်ဆေး


ဘရန်မိုင်


ဆွတ်ဆိုင်းထွယ်


ဆိုင်းခွမ်အောင်

မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၄

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခံထားရသည့် ကချင်လူငယ်သုံးဦးအမှုကို ဒီဇင်ဘာ ၁၈ရက်နေ့တွင် စစ်ဆေးရန် ပြန်လည်ရုံးချိန်း ချိန်းဆိုထားကြောင်း သိရသည်။

ဒီဇင်ဘာလ ၁၃ ရက်နေ့က ရုံးချိန်တွင် တရားလိုဘက်မှ သက်သေများကိုစစ်ဆေးခဲ့ပြီး လာမည့် ရုံးချိန်းတွင် ဆွတ်ဆိုင်းထွယ်၊ ဆိုင်းခွန်အောင်၊ ဘရန်မိုင်စသည့်ကချင်လူငယ် ၃ ဦးကို စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၃ ရက်နေ့က ရုံးချိန်းတွင် တရားလိုပြ သက်သေ ၄ ဦးလာရောက် ထွက်ဆိုခဲ့ရာ ၎င်းတို့ ထွက်ဆိုချက်များမှာကွဲလွဲမှုအချို့ပါဝင်နေသော်လည်း ခံပြသက်သေများနှင့် ပြန်လည်ထုချေသွားမည်ဟု အမှုရင်ဆိုင်နေရသူ သုံးဦးအနက်မှ မဆွတ်ဆိုင်းထွယ်က ပြောသည်။

"အမှုတိုင်တန်းချက် စာတွေနဲ့ သူတို့ထွက်ဆိုတဲ့စာတွေက အချိန်တို့၊ နေရာတို့ပြီးတော့ ကျွန်မတို့ ကိုင်ဆောင်မထားတဲ့ ဆိုင်းဘုတ်တွေကိုလည်း ကိုင်ဆောင်တယ်လို့ ထွက်ဆိုတယ်၊ သက်သေတွေ တော်တော်များများကတော့ မခိုင်လုံဖြစ်နေတယ်။ ကျွန်တော်ယူဆတယ်ဆိုတဲ့ ယူဆချက်တွေနဲ့ တရားရုံးမှာ သက်သေလာထွက်ဆိုတာ တွေ့တဲ့အချိန်မှာ တရားဥပဒေစိုးမိုးမှုနဲ့ ဥပဒေကိုကျင့်သုံးမှုများ တော်တော်လေး အားနည်းနေတယ်လို့ မြင်ပါတယ်" ဟု မဆွတ်ဆိုင်းထွယ်က ပြောသည်။

တရားလိုပြ သက်သေများမှာ ရဲမှူး မြင့်မိုး၊ ရဲအုပ်လှမင်းအောင်၊ ရှမ်းစုတောင်ရပ်ကွက် ရာအိမ်မှူး ဦးယာစင်းနှင့် ဒုရဲမှူး သန်းလွင်တို့မှ လာရောက်ထွက်ဆိုကြောင်းလည်း မဆွတ်ဆိုင်းထွယ်ထံမှ သိရသည်။

တိုက်ပွဲများအကြားပိတ်မိနေသည့် ပြည်သူများ လွတ်မြောက်ရေးအတွက် ဦးဆောင်ဆန္ဒပြခဲ့ကြသူ ဒေါ်နန်ပူပါ သုံးဦးကိုဒီဇင်ဘာလ၇ရက်နေ့က ထောင်ခြောက်လနှင့် ငွေငါးသိန်း ပြစ်ဒဏ်ချမှတ်ချက်နှင့် ပတ်သက်ပြီး ကျေနပ်မှုမရှိသည့်အတွက် ယခု လူငယ် ၃ ဦးတို့က ဦးဆောင်ကာ သက်ဆိုင်ရာ ဌာနများအား ခွင့်ပြုချက်မတင်ဘဲ တရားရုံးမှ မနောင်ကွင်းသို့ ချီတက်ဆန္ဒပြခဲ့ကြခြင်းကြောင့် ယခုကဲ့သို့ ငြိမ်း/စု/စီ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မြင့်မိုးက ပြောသည်။

"ပြစ်ဒဏ် ချမှတ်တာကို ပြင်းထန်တယ်ဆိုပြီးမှ ကျေနပ်မှု မရှိတဲ့အတွက်ကြောင့်မို့ မဆွတ်ဆိုင်းထွယ်၊ ကိုဆိုင်းခွန်အောင်၊ ကိုဘရန်မိုင် တို့ကနေ ဦးဆောင်ပြီးမှ ကျွန်တော်တို့ သက်ဆိုင်ရာဌာနများကို ခွင့်ပြုချက်မတင်ဘဲနဲ့ ဆန္ဒထုတ်ဖော် စီတန်းလမ်းလျှောက်ခဲ့တဲ့အတွက်မို့ ငြိမ်း/စု/စီ ဥပဒေပုဒ်မ ၁၉ အရ အရေးယူပြီးတော့တရားစွဲတာဖြစ်ပါတယ်။ တရားလိုကတော့ ကျွန်တော် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်မိုးဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မဆွတ်ဆိုင်းထွယ်ပါ သုံးဦးက ဆန္ဒထုတ်ဖော်ခြင်းသည် ပိတ်မိပြည်သူ လွတ်မြောက်ရေးကြိုးစားခဲ့သည့် ခေါင်းဆောင် ၃ ဦးအား မတရားသဖြင့် ထောင်ဒဏ်နှင့်ငွေဒဏ် ချမှတ်လိုက်သည့်အပေါ် လက်မခံနိုင်သည့်အတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း မည်သူ့အကျိုးကိုမျှ ထိခိုက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် မဟုတ်ဘဲ တောင်းဆိုခဲ့ခြင်းသာဖြစ်ကြောင်း အမှုဖွင့်ခံထားသူများက ပြောသည်။

"အမှန်တော့ ဒီလိုကိစ္စက တရားလိုလုပ်ပြီး စွဲချက်တင်နေစရာမလိုဘူးလို့ မြင်တယ်။ ကျွန်မတို့နိုင်ငံက ဒီမိုကရေစီနိုင်ငံလည်းဖြစ်တဲ့အပြင် လူတိုင်းမှာ ထုတ်ဖော်ပြောဆိုပိုင်ခွင့် ရှိတယ်။ ပြီးတော့ ဒါဟာ ဘယ်သူ့ရဲ့အကျိုးကိုမှ နိုင်ငံတော်ရဲ့ အေးချမ်းသာယာရေး ဘယ်ကိစ္စကိုမှ ထိခိုက်စေလိုတဲ့ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာလည်းမဟုတ်ဘူး။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရကော ကိုယ့်ဆန္ဒကိုငြိမ်ချမ်းစွာနဲ့ ထုတ်ဖော်ပြောဆိုတာပဲဖြစ်တဲ့အတွက် ဒီလိုမျိုးတောင် လုပ်စရာမလိုပါဘူး။ ကြီးတဲ့အမှုငယ်စေ၊ ငယ်တဲ့အမှုပပျောက်စေ ဆိုတဲ့အချက်တွေလည်း ရှိတဲ့အတွက်ကြောင့်ဒီလိုမျိုးတွေကိုအလေးထားပြီးမှ ဆောင်ရွက်စေလိုပါတယ်။ အချိန်ပြည့် ဥပဒေထုတ်ထားပါတယ်ဆိုပြီး ပြည်သူတွေကိုပဲ အကျပ်ရိုက်စေတဲ့ ဥပဒေမျိုးနဲ့ အခုလို့စွပ်စွဲတာကတော့ ကျွန်မတို့အနေနဲ့ ဘယ်လိုမှ လက်ခံနိုင်လို့ မရပါဘူးရှင့်"ဟု မဆွတ်ဆိုင်းထွယ်က ပြောသည်။

တရားစွဲဆိုခံထားရသူ လူငယ် ၃ ဦးအနက် ကိုဘရန်မိုင်ကလည်း "ဒီအပေါ်မှာတော့ မတရားဘူးလို့ ယူဆတယ်။ ကျွန်တော်တို့ ဒီလိုလုပ်တယ်ဆိုတာ ပြည်သူလူထုအတွက် ဦးဆောင်တာ ကျွန်တော်တို့က နိုင်ငံရေးကိုမပြောဘူး။ ဘယ်နိုင်ငံကောင်းဘူး၊ ဒီနိုင်ငံက ကောင်းတယ် မကောင်းဘူး ဆိုတာမပြောဘူး၊ ကျွန်တော်တို့ ရည်ရွယ်တာက ပိတ်မိတဲ့ ပြည်သူလူထုကို စာနာပြီးမှ လုပ်ရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

၎င်းတို့၃ ဦးကို ဒီဇင်ဘာလ ၁၀ ရက်နေ့က တရားစွဲတင်ခဲ့ရာ တရားရုံးချိန်းနေ့တွင် ရပ်မိရပ်ဖများက အာမခံဆောင်ရွက်ပေးခဲ့သဖြင့် အာမခံရရှိခဲ့သည်။

ယခု ငြိမ်း/စု/စီ ပုဒ်မ ၁၉ ဖြင့်တရားစွဲဆိုခံထားရသည့် ကိုဆိုင်းခွန်အောင်၊ ကိုဘရန်မိုင်၊ မဆွတ်ဆိုင်းထွယ်တို့ သုံးဦးအနက် မဆွတ်ဆိုင်းထွယ်သည်ယခင်ကလည်းငြိမ်း/စု/စီ ပုဒ်မ ၁၉ ဖြင့် တစ်ကြိမ် အမှုဖွင့်ခံခဲ့ရဖူးသူဖြစ်ပြီး ငွေဒဏ် ပြစ်ဒဏ် ချမှတ်ခံခဲ့ရဖူးသည်။

၂၀၁၁ ခုနှစ်က ပြဋ္ဌာန်းလိုက်သည့် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ ကို မူလက ထောင်ဒဏ် ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်ဟု ပြဋ္ဌာန်းခဲ့သော်လည်း ၂၀၁၄ တွင် ပြင်ဆင်လိုက်သည့်ပြစ်ဒဏ်မှာထောင်ဒဏ် သုံးလထက်မပိုသော ထောင်ဒဏ်ကို ချမှတ်နိုင်သည်ဟု ပြင်ဆင်ခဲ့သည်

Salai

# ၂၄၆ ကုဋေ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဟိုပင်ရဲစခန်းဖမ်းဆီး



မိုးညှင်း၊ ဒီဇင်ဘာ ၁၄

ဟိုပင်မြို့(၇)မိုင်ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာရှိ ဟိုပင် - လုံးတုံ - ကုန်းသာ- ညောင်ပင် ကားလမ်းတွင် မူးယစ်ဆေးဝါးများကို ကားဖြင့် သယ်ဆောင် နေကြောင်း သတင်းအရ ဟိုပင်နယ်မြေရဲစခန်း စခန်းမှူး ရဲအုပ် ဗျက်ဆန်းဦးစီးသည့် ဖမ်းဆီးရေးပူးပေါင်းအဖွဲ့က လမ်း၏ဘယ်ဘက် မိုင်တိုင်အမှတ်-၈/၂ အနီးတွင် ရပ်တန့်ထားသော 7C/7826 TOYOTA HILUX SURF နက်ပြာရောင် ကားတစ်စီးကို ဒီဇင်ဘာလ ၁၄ ရက်က ရှာဖွေစစ်ဆေးရန် သွားရောက်စဉ် ကားအနီးရှိ အထုပ်(၁)ထုပ်နှင့် လူ(၄)ဦးမှာ လမ်း၏ တစ်ဖက်ရှိ ချောက်အတွင်းသို့ ရုတ်တရက် ထွက်ပြေးသွားခဲ့သည်ဟု ဆိုသည်။

ယခင်ကလည်း မူးယစ်ဆေးဝါးများကို ကားများဖြင့် မကြာခဏ သယ်ယူသွားလာနေကြောင်း သတင်းရရှိသဖြင့် စောင့်ဆိုင်းခဲ့ဖူးသော်လည်း မူးယစ်ဆေးသယ်ဆောင်သူများမှာ မကြာခဏဆိုသလို လွတ်မြောက်သွားသဖြင့် သုံးကြိမ်တိုင်အောင် ချောင်းမြောင်းခဲ့ဖူးကြောင်း သိရသည်။

"ကျွန်တော်တို့ အကြိမ်ကြိမ် ဖမ်းဆီးခဲ့တာ အခု၄ကြိမ်မြောက်မှာ အများဆုံးဖမ်းဆီးနိုင်ခဲ့ပေမယ့် မူးယစ်ဆေးဝါးသယ်ဆောင်သူတွေက ထွက်ပြေးလွတ်မြောက်နေပါသေးတယ်။ ကွင်းဆက်တွေနဲ့အတူ အမြန်ဆုံး ဖမ်းဆီးမိအောင် ဆက်လက်ဆောင်ရွက်နေပါတယ်"ဟုဟိုပင်နယ်မြေရဲစခန်းမှူး ရဲအုပ်ဗျက်ဆန်းက ပြောသည်။

အဆိုပါကား၏ အနောက်ခန်းတွင် ဆက်လက်ရှာဖွေရာ ကာလတန်ဖိုးကျပ်သိန်း၄၀၀၀ ကျော်တန်ဖိုးရှိ ခရီးဆောင်အိတ်များအတွင်း အဖြူရောင်ဆာလာအိတ်များဖြင့် ထည့်ထားသော ဘိန်းဖြူဆပ်ပြာခွက် ၅၇၂ ခွက်၊ ကာလတန်ဖိုးကျပ် သိန်း ၂၀၀၀၀ ကျော်တန်ဖိုးရှိ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၆၆၉၀၀ ပြား အလေးချိန် ၆၆၆၆၉၀ ဂရမ်၊ ကာလတန်ဖိုး ကျပ်သိန်း ၆၄၆၅၀၀၀ တန်ဖိုးရှိဘိန်းဆီခဲ ၂၂ ထုပ် အလေးချိန် ၁၄၃၇၀ ဂရမ်ရှိ မူးယစ်ဆေးများကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ ထုတ်ပေးထားသော မှတ်ပုံတင်အမှတ် ၁၃/သနန(နိုင်)၀၅၆၀၈၄ ဦးဖော်တူး အမည်ပါ အမောင်းသင် ယာဉ်မောင်းလိုင်စင်တစ်ခု၊ 7C/7826 TOYOTA HILUX SURF စာသားပါ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်(၁)ခု၊ ဇော်ဆိုင်း အသက် ၅၀နှစ် ၁၃/မမတ (နိုင်)၀၀၇၂၃၇ ပါ မှတ်ပုံတင်ကတ်တစ်ခုနှင့် ဦးအောင်ထွန်း အမည်ပါ ကားပြုပြင်ခပြေစာ တစ်စောင်တို့ကို ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါကားဖြင့် မူးယစ်ဆေးများ သယ်ဆောင်သူ ၄ ဦးမှာ ထွက်ပြေးနေသော်လည်း ဟိုပင်မြို့မရဲစခန်းမှ မယ(ပ) ၉၅/၂၀၁၈၊ မူးယစ်ဆေးနှင့် စိတ်ကို ပြောင်းလဲစေသော ဥပဒေပုဒ်မ - ၁၉(က)/၂၁ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# ပြည်သူတစ်ဦးချင်း သိထားသင့်သည့် နိုင်ငံတော်အာဏာ ချုပ်ကိုင်ထားမှု



နိုင်ငံတော်အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(ပုဒ်မ ၁၁) အရ နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မ သုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်းပြုသည် ဟူ၍လည်းကောင်း၊ ထိုသို့ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာ သုံးရပ်ကို ပြည်ထောင်စု၊ ပြည်နယ်များ၊ တိုင်းဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းသည်ဟု ရေးသားထားသည်။ ခက်မသုံးဖြာအနက် အုပ်ချုပ်ရေးအာဏာ သို့မဟုတ် အစိုးရဖွဲ့စည်းပုံကို ဖော်ပြမည်။

အစိုးရဖွဲ့စည်းပုံကို မဖော်ပြမီ နိုင်ငံတော် စုစည်းမှုကို ရှေးဦးစွာ နားလည်သင့်သည်။ နိုင်ငံတော်ကို အဆင့် ငါးဆင့်ဖြင့်စုစည်းထားသည်။(၁)ပြည်ထောင်စုအဆင့်ကို ပြည်နယ်များ၊ တိုင်းဒေသကြီးများနှင့် ပြည်ထောင်စုနယ်မြေများဖြင့် စုစည်းထားသည်။ (၂)ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များဖြင့် စုစည်းထားသည်။ (၃)ခရိုင်အဆင့်ကို မြို့နယ်များဖြင့် စုစည်းထားသည်။ (၄) မြို့နယ်အဆင့်ကို ကျေးရွာအုပ်စုများနှင့် မြို့များဖြင့် စုစည်းထားသည်။ (၅) ရပ်ကွက်၊ ကျေးရွာအဆင့်ကို ရပ်ကွက်နှင့် ကျေးရွာများဖြင့် စုစည်းထားသည်။ ဤစုစည်းမှု အဆင့်များကို အုပ်ချုပ်ရေး နယ်နိမိတ် (administrative boundaries)အဖြစ်လည်း ရှုမြင်နိုင်သည်။

## အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ အစည်းများ

နိုင်ငံတော် အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်း - (၁) ပြည်ထောင်စု (သို့မဟုတ်) ဗဟိုအစိုးရ၊ (၂)ပြည်နယ် (သို့မဟုတ်)တိုင်းဒေသကြီး အစိုးရနှင့် (၃)ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း(သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဟူ၍ ရှိသည်။ ဤအုပ်ချုပ်ရေး အာဏာပိုင် အဖွဲ့အစည်းများအကြောင်း နားလည်ရန် နိုင်ငံတော်သမ္မတကို မည်သူတွေက ရွေးသနည်းဆိုသည် ရှေးဦးစွာသိရှိရန် လိုအပ်သည်။ အကြောင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပုဒ်မ ၁၆) အရ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲ ဖြစ်သည်။ ထို့ပြင် အစိုးရအဆင့်ဆင့်တွင် နိုင်ငံတော်သမ္မတသည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပုဒ်မ ၂၀၈) အရဝန်ကြီးသုံးပါးမှလွဲ၍ ကျန်သောဝန်ကြီးအားလုံးကို ခန့်အပ်နိုင်ခြင်း၊ထုတ်ပယ်နိုင်ခြင်း စသော အာဏာများ ရှိသည်။

## နိုင်ငံတော်သမ္မတကို မည်သူများက ရွေးချယ်သနည်း

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစနစ်အရ ပြည်သူလူထုသည် သမ္မတကို တိုက်ရိုက်ရွေးချယ် တင်မြှောက်ခွင့် မရှိပါ။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်နှစ်ရပ်ပေါင်းပြီး ဖွဲ့စည်းထားသော ပြည်ထောင်စုလွှတ်တော်ကသာလျှင် သမ္မတကို ရွေးချယ်တင်မြှောက်ခွင့်ရှိသည်။ ပြည်သူ့လွှတ်တော်အမတ်များ အစုအဖွဲ့၊ အမျိုးသားလွှတ်တော် အမတ်များအစုအဖွဲ့နှင့်တပ်မတော်သား ကိုယ်စားလှယ်များ အစုအဖွဲ့တို့မှ တစ်ဖွဲ့လျှင် ဒုတိယသမ္မတတစ်ဦးစီ ရွေးဦးစွာ ရွေးချယ်ရသည်။ ၎င်း ဒုတိယသမ္မတ (၃)ဦးတို့ကို ပြည်ထောင်စု လွှတ်တော်၏ စုစုပေါင်း အမတ် ၆၆၄ ဦးတို့မှ ဆန္ဒမဲပေး ရွေးချယ်ရသည်။ ဆန္ဒမဲအများဆုံး ရရှိသူသည် နိုင်ငံတော်သမ္မတ ဖြစ်ပြီး ဒုတိယ မဲအများဆုံးရရှိသူသည် ဒုတိယသမ္မတ(၁) ဖြစ်လာ၍ တတိယမဲအများဆုံးရရှိသူသည် ဒုတိယသမ္မတ (၂) ဖြစ်လာသည်။

## ပြည်ထောင်စုအစိုးရကို မည်သူများဖြင့် ဖွဲ့စည်းသနည်း

ပြည်ထောင်စုအစိုးရအဖွဲ့ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ဖြင့် ဖွဲ့စည်းပြီး နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲ ဖြစ်သည်ဟု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပုဒ်မ ၁၉၉၊က၊ ၂၀၀)တွင် ရေးထားသည်။

သို့သော် တကယ့်အရေးကြီးသည့် ကိစ္စရပ်များတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကနိုင်ငံတော်သမ္မတထက် ပို၍ အာဏာကြီးသည်ကို တွေ့ရသည်။ ဥပမာ - ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ပုဒ်မ ၂၀၁)အရ အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားသည့် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီတွင် အဖွဲ့ဝင် ၆ ဦးသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စေလွှတ်သောသူများ ဖြစ်သောကြောင့် မဲခွဲဆုံးဖြတ်မည်ဆိုပါက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အသာစီးရနေသည်။ ထို့ပြင် နိုင်ငံတော်သမ္မတ အနေဖြင့် တပ်မတော်သားပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများကို တာဝန်မှ ရပ်စဲလိုလျှင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ သဘောတူညီမှု သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှု ရှိရမည် ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ(ပုဒ်မ ၆၉၊ ခ)တွင် တွေ့ရသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက် (အမှတ် ၆/၂၀၁၈) အရ လက်ရှိတွင် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင် စုစုပေါင်း ၂၈ ဦး ရှိသည်ကို တွေ့ရသည်။ အစိုးရအဖွဲ့ဝင်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည်အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ဖော်ပြမထားဘဲ ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဌာနနှင့် သမ္မတရုံး ဝန်ကြီးဌာနအဖြစ်သာ ဖော်ပြထားသည်။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံရမည်။ ဒုတိယသမ္မတများသည် သမ္မတအားလည်းကောင်း၊ သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း တာဝန်ခံရမည် ဟူ၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(ပုဒ်မ ၂၀၃)တွင် ပါရှိသည်။

## ဒုတိယသမ္မတများ၏ တာဝန်များ

နိုင်ငံတော်သမ္မတ ပြည်ပသို့ ခရီးသွားနေချိန်တွင် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်စဉ်အခါက ဒုတိယ ဆန္ဒမဲအများဆုံးရရှိသည့် ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတ၏ တာဝန်ဝတ္တရားများကို ယာယီပူးတွဲထမ်းဆောင်ရမည်ဖြစ်ကြောင်းပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ (ပုဒ်မ ၄၅) က ဆိုသည်။

နိုင်ငံတော်သမ္မတ၏ တာဝန်ပေးမှုအပေါ်တွင် မူတည်၍ ဒုတိယသမ္မတတစ်ဦးသည် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများကို ဦးဆောင်စိစစ်၍ ယင်းတို့၏ အရအသုံး ငွေစာရင်း လျာထားချက်ကို လည်းကောင်း၊ ကျန် ဒုတိယသမ္မတ တစ်ဦးသည်ပြည်နယ်နှင့်တိုင်းဒေသကြီး အရအသုံး ငွေစာရင်းများကို ဦးဆောင်စိစစ်ပြီး ယင်းတို့၏ အရအသုံးငွေစာရင်း လျာထားချက်များကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရန် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ၊ (ပုဒ်မ ၄၆)တွင် တွေ့ရသည်။

ထို့ပြင်ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတက ခွဲဝေသတ်မှတ်ပေးသော လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည့်အကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ (ပုဒ်မ ၄၇)က ဆိုသည်။

## မည်သည့် ပြည်ထောင်စုဝန်ကြီးဌာနက ပိုအရေးပါသနည်း

ပြည်ထောင်စုဝန်ကြီးအရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီးဌာန အရေအတွက်သည် သက်ဆိုင်ရာ အစိုးရ၏ မူဝါဒပေါ်မူတည်ပြီး ကွာခြားနိုင်သည်။ အကြောင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပုဒ်မ ၂၀၂)အရ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည့်အပြင် ဝန်ကြီးများကိုလည်း လိုအပ်သလို တိုးမြှင့်ခန့်အပ်နိုင်ခြင်း၊ လျှော့ချခြင်း၊ ပယ်ချခြင်းများ ပြုလုပ်နိုင်ခြင်းကြောင့် ဖြစ်သည်။

ဥပမာ - ၂၀၁၁-၂၀၁၅ ခုနှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ခေတ်တုန်းက ဝန်ကြီးဌာနပေါင်း ၃၆ ခု ရှိခဲ့သည်။ ၂၀၁၆ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အာဏာလွှဲပြောင်းယူပြီးနောက် ဝန်ကြီးဌာန ၂၁ ခုထိ လျှော့ချခဲ့သည်။ သို့သော် လက်ရှိတွင် ဝန်ကြီးဌာနပေါင်း ၂၅ ခု ရှိသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃ ရက် ရက်စွဲဖြင့် နိုင်ငံခြားသံတမန်ရုံးများနှင့် ကုလသမဂ္ဂရုံးများသို့ ပေးပို့သော နိုင်ငံခြားရေးဝန်ကြီးဌာန၏ စာနှင့် နိုင်ငံတော်သမ္မတရုံး၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြချက်အရ ဝန်ကြီးဌာနများ၏ အရေးပါမှုကို အောက်ပါအတိုင်းအစဉ်လိုက် ဖော်ပြထားသည်။ "မှတ်ချက်။ ။အောက်ဖော်ပြပါ ဝန်ကြီးဌာနများ၏ အရေးပါမှုအမှတ်စဉ်သည် အစိုးရတစ်ခုနှင့်တစ်ခု မတူနိုင်ပါ"

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန
၂။ သမ္မတရုံးဝန်ကြီးဌာန
၃။ ပြည်ထဲရေးဝန်ကြီးဌာန
၄။ ကာကွယ်ရေးဝန်ကြီးဌာန
၅။ နယ်စပ်ရေးရာဝန်ကြီးဌာန
၆။ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန
၇။ ပြန်ကြားရေးဝန်ကြီးဌာန
၈။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန
၉။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
၁၀။ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
၁၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန
၁၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန
၁၃။ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန
၁၄။ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန
၁၅။ စက်မှုဝန်ကြီးဌာန
၁၆။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
၁၇။ ပညာရေးဝန်ကြီးဌာန
၁၈။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
၁၉။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန
၂၀။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန
၂၁။ ဆောက်လုပ်ရေး ဝန်ကြီးဌာန
၂၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
၂၃။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
၂၄။ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာန
၂၅။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန


## ပြည်နယ်အစိုးရ သို့မဟုတ် တိုင်းဒေသကြီးအစိုးရ

ပြည်နယ်အစိုးရ သို့မဟုတ် တိုင်းဒေသကြီးအစိုးရကို ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး၏ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအကြီးအကဲတို့ဖြင့် ဖွဲ့စည်းသည်ဟု တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ (ပုဒ်မ ၃) တွင် ရေးထားသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ (ပုဒ်မ ၆၊ ၇)အရ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်များကို နိုင်ငံတော်သမ္မတက တင်မြှောက်ထားသည်ဖြစ်၍ ဝန်ကြီးချုပ်များသည် နိုင်ငံတော်သမ္မတကို

စာ - ၁၇ သို့ »

# မိဘကောင်းတစ်ယောက်ဖြစ်အောင် ဘယ်လိုလုပ်မလဲ



အရေးကြီးတာတွေထဲက အကောင်းဆုံးခြေလမ်းတစ်ခုကတော့ သင့်မှာ မိဘရဲ့ဆိုးဝါးတဲ့ အုပ်ထိန်းမှုပုံစံအနည်းငယ်ရှိနေတာကိုဝန်ခံဖို့ပါ။ အဲလိုဖြစ်နေခြင်းမှ ကာကွယ်ဖို့နည်းလမ်းအသစ်တွေကို လေ့လာနိုင်ပါတယ်။ မိဘကောင်းတစ်ယောက်ဖြစ်ဖို့အတွက် အောက်ပါအချက်များကို ဖော်ပြလိုက်ပါတယ်။

၁။ မိဘအုပ်ထိန်းမှုကို လက်ကိုင်ထားပါ။

သင့်ကလေးရဲ့ဘဝမှာသင်ကိုယ်တိုင်ပါဝင်ပါ။ အဲဒီလိုပါဝင်ပြီးအရေးကြီးတဲ့သင်ခန်းစာတွေကို သင်ပေးပါ။ သင့်ရဲ့စွမ်းအားတွေကို သင့်ကလေးနဲ့ သင့်ရဲ့ကြားမှာ စိတ်ခံစားချက်တွေကို အပြန်အလှန်ထုတ်ဖော် ပြောနိုင်အောင် တည်ဆောက်ရာမှာ အဓိကထား အသုံးပြုပါ။

၂။ သင့်ကလေးကိုမအော်ပါနဲ့

ဆူပူကြိမ်းမောင်းမယ့်အစား ညင်သာပြီး ကောင်းမွန်တဲ့ အကြောင်းပြချက်တွေကို ပေးပါ။ သင့်ကလေးဟာ တစ်စုံတစ်ရာအတွက် အခက်အခဲဖြစ်နေမယ်ဆိုရင် သူ့ဘေးမှာထိုင်ပြီး ဘာကြောင့် စိတ်ညစ်နေတယ်ဆိုတာကို အချိန်ပေးပြီးပြောခိုင်းပါ။ မေးပါ။ နားထောင်ပေးပါ။

ပြီးတော့ သူကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဘယ်လိုဖြေရှင်းရမလဲဆိုတာကို သင်ကိုယ်တိုင် ညင်သာစွာဖြေရှင်းပြောပြပါ။ သင့်ကလေးကို ဘယ်အမူအရာတွေ မှန်တယ်၊ ဘယ်အပြုအမူတွေက မှားတယ်ဆိုတာတွေနဲ့ အဲဒါတွေရဲ့ အကျိုးဆက်တွေကိုပါ တစ်ခါတည်း ရှင်းပြပြောပြပါ။

၃။ အကြောင်းပြချက်ပေးပါ။

သင့်ကလေးကို သင် တစ်ခုခုလုပ်စေချင်တယ်ဆိုရင် ဘာကြောင့် အဲလိုလုပ်ဖို့ တောင်းဆိုရတယ် ဆိုတဲ့အကြောင်းပြချက်ကို သေချာရှင်းပြပေးပါ။ သင့်ကိုမေးခွန်းမေးဖို့တိုက်တွန်းပေးပါ။ သင့်ရဲ့သဘောတရားနှင့် အကြောင်းပြချက်ကို ရှင်းပြပါ။ အကယ်၍ သင်ဟာ သင့်ကလေးအပြင်မထွက်ကစားခင် အိမ်စာတွေကို ပြီးစေချင်တယ် ဆိုရင်တော့ နောက်ဆက်တွဲဖြစ်လာမယ့် အကြောင်းပြချက်တွေကို ရှင်းပြပါ။

၄။စည်းကမ်းထုတ်ပါ။

သင့်ကလေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက်စည်းမျဉ်းစည်းကမ်း ဖွဲ့စည်းတည်ဆောက်ပုံက အရေးကြီးပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ဘယ်လိုစည်းကမ်းတွေကိုသင်ထုတ်ထားတယ်ဆိုတာကို သင့်ကလေးနဲ့ဆွေးနွေးပေးပါ။

သင့်ကလေးကို အိမ်မှုကိစ္စတွေကို လုပ်ကူခိုင်းစေချင်တယ်ဆိုရင် ဘယ်အတိုင်းအတာထိပြီးစေချင်တာကို သင့်ကလေးနဲ့ ဆွေးနွေးပါ။ ပြီးတော့ သင့်ကလေးကို အိမ်မှုကိစ္စနဲ့ဆိုင်တဲ့ အချိန်ဇယားဆွဲပေးပါ။ ဒီလို အချိန်ဇယားနဲ့လုပ်တတ်ခြင်းဟာ ကိုယ့်ကိုယ်ကိုယ် လေးစားတန်ဖိုးထားတတ်စေပါတယ်။

၅။ ရွေးချယ်မှုပေးပါ။

သင့်ကလေးရရှိနိုင်မယ့် မတူညီတဲ့ရွေးချယ်ပိုင်ခွင့်တွေနဲ့ ပတ်သက်ပြီး သင့်ကလေးကို ပြောပါ။ သူရွေးချယ်လာနိုင်တာကတော့ သင်နဲ့ပန်းခြံသွားချင်တယ်ဆိုတဲ့ ဟာမျိုးလေးပဲဖြစ်မှာပါ။ အဲ့လိုသင့်ရဲ့ကလေးကို ရွေးချယ်ခွင့်ပေးတာဟာ သင့်ကလေးရဲ့ ဆုံးဖြတ်ချက်ချရာမှာ ယုံကြည်မှုတိုးပွားစေပါတယ်။

၆။ နားထောင်ပေးပါ။

အရေးကြီးဆုံး မိဘအုပ်ထိန်းမှုပုံစံတွေထဲက တစ်ခုကတော့ သင့်ကလေးစကားက သင့်အတွက် သာမန် အရေးမကြီးတဲ့ကိစ္စပဲဖြစ်ဖြစ် နားထောင်ပေးပါ။ ဘာကြောင့်လဲဆိုတော့ အဲဒါက သင့်ကလေးအတွက် အရေးကြီးတဲ့ကိစ္စဖြစ်နေလို့ပါ။

တကယ်တမ်းဆိုရင် သင့်ကလေးကို သူတို့ တစ်နေ့တာအကြောင်းကို ပြောခိုင်းသင့်ပါတယ်။ ပြီးတော့ သူပြောတဲ့အကြောင်းအရာတွေကို နားထောင်ပြီး အလိုက်သင့်တုံ့ပြန်ပေးပါ။

၇။ စံပြကောင်းဖြစ်အောင် နေပါ။

ကလေးအများစုက သူတို့ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေဆီက အကျင့်တွေ၊ စာရိတ္တတွေနှင့် အပြုအမူတွေကို အတုယူတတ်ကြပါတယ်။ သင့်ကလေးက သင်နေထိုင်တဲ့ ပုံစံ၊ အမူအရာအားလုံးနီးပါး အတုယူ လုပ်ဆောင်တတ်ပါတယ်။

ဒါကြောင့်မို့ ကောင်းမွန်တဲ့ အလေ့အထ၊ ကောင်းမွန်တဲ့ အမူအရာတွေ ရရှိအောင် လေ့ကျင့်ပါ။ အဲဒီလိုလုပ်ဆောင်ခြင်းက သင့်ကလေးအတွက် သင်ဟာ စံပြကောင်းတစ်ယောက်ဖြစ်စေပါတယ်။

အထက်ပါအချက်များကို လိုက်နာလုပ်ဆောင် ကျင့်သုံးပြီး မိဘကောင်းတစ်ယောက်ဖြစ်အောင် လုပ်ယူလိုက်ပါလို့ တိုက်တွန်းချင်ပါတယ်။

မျိုးမြတ်မြတ်ပန်
Ref; Mahak Arora

## Movie View

**ယခုအပတ် ဇေရာ(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၁၄ - ၁၂ - ၂၀၁၈ မှ ၂၀ - ၁၂ - ၂၀၁၈ အထိ
မြန်မာရုပ်ရှင်ကို ညနေ ၃ း ၃၀ နာရီ တွင် - **သတ်ကွင်း**

နေ့လယ် ၁၂ း ၃၀ နှင့် ည ၆ း ၃၀ နာရီ ပွဲချိန်များတွင် -

**ရန်သူ**





| ရွှေဈေး | |
|---|---|
| ခေါက်ရွှေ | ၁၀၃၅၀၀၀ ကျပ် |
| ခေါက်စပ် (ဒင်္ဂါးစပ်) | ၉၇၄၀၀၀ ကျပ် |

ဒီဇင်ဘာ (၁၄) ရက်၊ ညနေ (၁)နာရီဈေး
ဈေးအပြောင်းအလဲရှိနိုင်သည်။
**ဇမ္ဗူရာဇ်ရွှေဆိုင်**

| ဆိုင်ကယ်ဈေးနှုန်း (KENBO Showroom) | |
|---|---|
| KENBO Digital/ရိုးရိုး | ၇၈၀၀၀၀/၇၆၀၀၀၀ ကျပ် |
| CANDA | ၅၆၅၀၀၀ ကျပ် |
| SHAYAN | ၅၆၅၀၀၀ ကျပ် |
| FEILING | ၅၆၅၀၀၀ ကျပ် |
| JIA LING | ၆၉၀၀၀၀ ကျပ် |
| CYCLONE | ၁၀၃၅၀၀၀ ကျပ် |


မြစ်ကြီးနားသတင်းဂျာနယ်
ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ
အပတ်စဉ် တနင်္လာနေ့တိုင်း ဂျပြီ
ကြော်ငြာထည့်သွင်းလိုသူများ ဆက်သွယ်နိုင်သည်။
၀၉-၄၀၀၀၄၈၆၈၀၊ ၀၉-၄၀၀၀၁၂၁၉၃
လပေးနှစ်ချုပ် မှာသူနိုင်သည်။ Email: myitkyinajournal@gmail.com
အမှတ် (၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉-၂၅၉၀၇၇၄၁၅၊ ၀၉-၂၅၆၃၆၀၂၇၄၊ ၀၉-၄၂၀၀၈၅၉၂၈၊ ၀၉-၄၅၉၄၅၂၉၀၂

# စာအုပ်စင်ကလျာ

ညီထွန်းလင်း




| အခန်းနံပါတ် (၆) |
|---|
| စာရေးသူ = မိုးကျော်ဇင် |
| စာအုပ်တိုက် -ကံ့ကော်ဝတ်ရည် |
| တန်ဖိုး = ၂၅၀၀ ကျပ် |


စာရေးဆရာမိုးကျော်ဇင်၏ ပထမဆုံးလုံးချင်းလက်ရာဖြစ်သည်။ ဆရာမိုးကျော်ဇင်မှာ ဝတ္ထုတိုပေါင်းချုပ် တစ်အုပ်ထွက်ရှိထားပြီး၊ ထိုစာအုပ်ဖြင့်ပင် မိုးကုတ်သဟာယ စာပေဆုကို ရရှိထားသူလည်း ဖြစ်သည်။ ယခုစာအုပ်နောက်တွင် အို. . အင်းဝ အမည်ရဆောင်းပါးပေါင်းချုပ်စာအုပ်လည်း မကြာခင်က ထွက်ရှိထားပါသည်။ အရေးအသား လတ်ဆတ်ပြီး လှပသော စကားပြေများဖြင့် ရေးဖွဲ့ဖန်တီးတတ်သော ဆရာမိုးကျော်ဇင်၏ အခန်းနံပါတ်၆ မှာလည်း ရန်ကုန်မြို့ပေါ်ရှိ အဆောင်နေလူများ၊ ဘဝများ အကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်ပြီး လက်ရာကောင်းစာအုပ် တစ်အုပ်ဖြစ်သည်။

တကယ်တော့ သူ့အခန်းသည် စိတ်ဝင်စားဖွယ်ဟူ၍ လုံးဝမရှိသောနေရာ ဖြစ်သည်။ ခုတင် ရှိသော်လည်း ပက်လက်ကုလားထိုင်ပေါ်မှာသာ မွေ့ရာပါးပါးထပ်ခင်းလျက် နေ့နေ့ညည ကျောက်ချနေလေ့ရှိသည်။ ခုတင်ပေါ်၌ သူ့ကိုတစ်ခါမျှ မတွေ့ဖူး။ ဇရာမ ခရီးဆောင်သေတ္တာဟောင်းကြီးကမူ ခုတင်အောက်မှ အစွန်းပြူထွက်လျက်သား။ အခန်းနံရံ ခပ်မြင့်မြင့်တစ်နေရာမှ ဘာသာတစ်ခု၏ သူတော်စင် ပုံနှိပ်ပန်းချီဟောင်းလေးသည် သူ့ ကိုးကွယ်ယုံကြည်မှုကို ဖော်ပြနေလေသည်။ ပက်လက်ကုလားထိုင်ဘေးမှ ထိုင်ခုံတစ်လုံးပေါ်တွင် သူ့အသက်ဆက်ရှင်နိုင်ရန် မျှော်လင့်ချက်များကိုထပ်၍ ထပ်၍ မွေးဖွားပေးနေသော ပုလင်းနှင့် ဖန်ခွက်။

သေမင်း၏ တံခါးခေါက်သံကို ဖန်ခွက်ကိုင်လျက် ရီဝေစွာ ထိုင်စောင့်နေသည်ဟု ကျွန်တော် က မြင်သည်။

တစ်ခါတလေတော့ သူအပြင်ထွက်သည်ကို သတိထားမိသည်။ အပြင်ထွက်သည်ဆိုရာတွင်လည်း အနီးအနားက ဈေးတစ်ခုသို့သွားခြင်းဖြစ်၏။ ဈေးသွားလျှင် အတန်အသင့် လတ်ဆတ်သေးသည့် တီရှပ်တစ်ထည်နှင့် ပေါင်ရင်းအထိ တိုကပ်နေသည့် ဂျင်းဘောင်းဘီတိုကို တွဲဝတ်တတ်သည်။ ပြီးလျှင် ကင်းဗတ်ဖိနပ်ဟောင်းတစ်ရန်ကို စီးသွားတတ်၏။ အပြန်မှာတော့ အမွေးကတုံးဖြစ်နေသည့် ရောင်လွင့်လွယ်အိတ်လေးထဲ ပုလင်းပြားလေးနှစ်ပြား ပုံမှန် ပါပါလာသည်။

(စာ - ၄၁ မှ)




| ချင်းတွင်းမဂ္ဂဇင်း (ကလောင်စုံ) |
|---|
| စာရေးသူ = ကလောင်စုံ |
| စာအုပ်တိုက် = ချင်းတွင်းစာပေတိုက် |
| တန်ဖိုး = ၂၅၀၀ ကျပ် |

ယခင်က အစဉ်အလာရှိခဲ့သည့် မဂ္ဂဇင်းတစ်စောင် ဖြစ်သည်။ ကြားထဲတွင် အကြောင်းအမျိုးမျိုးကြောင့် ဆယ်စုနှစ်တစ်စုစာ ရပ်တန့်သွားခဲ့ပြီး ယခုအခါပြန်လည် ထွက်ပေါ်လာသည့် မဂ္ဂဇင်းဖြစ်သည်။ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ အက်ဆေး၊ ခရီးသွား၊ ဘာသာပြန်၊ လေ့လာချက်၊ အတွေးအမြင်၊ ယဉ်ကျေးမှု၊ နှစ်ပါးသွား စသည့် ကဏ္ဍများ ပါဝင်ပြီး မြန်မာနိုင်ငံ၏ ထင်ရှားသည့် စာရေးဆရာကြီးများ၊ စာပေပညာရှင်များ၏ လက်ရာများ ပါဝင်ပါသည်။

ဟိုတုန်းကတော့ ကိုယ်ကျိုးစွန့်ခြင်း၊ လူမှုရေးကူညီခြင်း၊ တစ်ကိုယ်ကောင်းဆန် အတ္တကြီးခြင်းတို့သည် မွေးရာပါ၊ ထာဝရတည်မြဲသည့် စိတ်ဓာတ်တွေဟု ထင်ခဲ့သည်။ အခုတော့ ဒါတွေဟာ အခြေအနေအရ ပြုကျင့်မိကြသည့် အမူအကျင့်တွေပဲဟု ဆိုကြပါလား။

ထို့ကြောင့် အခြားသော အမူအကျင့်အားလုံးကဲ့သို့ပင် (ကိုယ်ကျိုးစွန့်ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းတွင်) အနည်းနဲ့အများဆိုသည့် ပမာဏနှင့် အတိုင်းအတာတွေလည်း ရှိနေသတဲ့။ တချို့လူတွေသည် အခြေအနေနဲ့ အကျပ်အတည်းပေါ်မှာ မူတည်ပြီး ကိုယ်ကျိုးစွန့်စိတ်က ၂ဆ၊ တစ်ကိုယ်ကောင်းစိတ်က ၈ ဆ ရှိနိုင်သည်။ ကျွန်မဆိုလျှင်ကော ကိုယ်ကျိုးစွန့်စိတ်က ဘယ်နှစ်ဆရှိပြီး တစ်ကိုယ်ကောင်းစိတ်က ဘယ်နှစ်ဆ ရှိနိုင်ခဲ့မလဲ။ ဘယ်လိုလုပ် ကျွန်မ သိနိုင်ပါ့မလဲ။

လူတွေကို ကိုယ်ကျိုးစွန့်စိတ်များပြီး တစ်ကိုယ်ကောင်းစိတ် နည်းလာဖို့ လေ့ကျင့်ပေးလို့ ရမလား။ အခြေအနေတွေ ဖန်တီးပေးလို့ရသလား။ ရက်စက်သူ၊ နှလုံးသားမာကျောနေသူတွေကို ကိုယ်ချင်းစာစိတ်များလာအောင် ပြုပြင်ပေးလို့ ရနိုင်သလား။ သို့မဟုတ် အခြေအနေကြုံလာခဲ့လျှင် လူတိုင်းသည် လူသားချင်းစာနာထောက်ထားပြီး ကူညီကယ်ဆယ်သူတွေ ဖြစ်လာနိုင်ခြေ ရှိသလား။ ဘယ်လိုအရာတွေက များလူ့စိတ်နှလုံးကို အကောင်းဘက်သို့ရောက်အောင် ဆွဲဆောင်နိုင်မှာပါလိမ့်။

အနုပညာသည် စိတ်ကို ပြုပြင်ပြောင်းလဲပေးဖို့ ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ရမလား။ ဟိုးမား၏ အီးလီးယက်ကဗျာရှည်ကြီးကို ထုတ်ဝေပြီးခဲ့တာ နှစ်ပေါင်းရာနှင့်ချီနေပြီဖြစ်ပေမယ့် အခုအချိန်ထိ စစ်ပွဲတွေ ဖြစ်နေတုန်းမို့ ကဗျာတစ်ပုဒ်သည် စစ်ဆန့်ကျင်ရေးလှုံ့ဆော်သူ တာဝန်ကို မဆောင်ရွက်နိုင်ပါဟု ကောက်ချက်ချသည့်စကားကို ယုံကြည်လိုက်ရမှာလား။

(စာ -၁၇၈ မှ)

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း
( စည်ပင်သာယာမှ ကောက်ယူထားသောဈေးနှုန်း)

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မွှေး | ၂၅၀၀ ကျပ် |
| ခတ်ချို (၁ပြည်) | ၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| စောရှုတ် (၁ပြည်) | ၂၀၀၀ ကျပ် |
| ကုလားကြီး (၁ပြည်) | ၁၃၀၀ ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန်ငါးပိ ရိုး/ရှယ်(၁ပိဿာ) | ၁၅၀၀/၂၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| (မွေးမြူရေး )ကြက် (၁ပိဿာ) | ၆၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၁၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ (၁ပိဿာ) | ၂၂၀၀ကျပ် |
| ပဲစင်းငုံ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| မတ်ပဲ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆံ ၁ပိဿာ | ၃၅၀၀ ကျပ် |
| ကြက်သွန်နီ | ၁၈၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၃၀၀၀ /၁၈၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်ခြောက်ရှည် (၁ပိဿာ) | ၈၀၀၀ ကျပ် |
| ငရုတ်ပွခြောက် | ၈၀၀၀ ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |
| ပဲဆီ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| အိုင်အိုဒင်းဆား (၁ထုပ်) | ၂၀၀ ကျပ် |
| ရွှေဝါဆပ်ပြာ (၁တောင့်) | ၃၀၀ ကျပ် |

# ပူတာအိုဒေသတွင် ငါးရှော့တိုက် ဖမ်းဆီးနေမှုများကို တားမြစ်နိုင်ခြင်းမရှိသေး




ပူတာအို၊ ဒီဇင်ဘာ ၇

ပူတာအိုဒေသတွင် ငါးများကို ဘက်ထရီအိုး၊ မီးစက်တို့ဖြင့် လျှပ်စစ်ရှော့တိုက် ဖမ်းဆီးနေကြသည်မှာ နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်နေပြီ ဖြစ်သော်လည်း ယနေ့အချိန်ထိ တားမြစ်ဖြေရှင်းနိုင်ခြင်း မရှိသေးဟု အသက် ၆၈ နှစ်အရွယ် ပူတာအိုဒေသခံ ဦးခင်ဇော်က ပြောသည်။

"ဒီရှော့တိုက်တဲ့ပြဿနာက ပူတာအိုမှာ နှစ်နဲ့ချီနေပြီ။ နှစ် ၂၀လောက် ရှိပြီ၊ ကိုယ့်ဒေသကို တကယ်ချစ်တယ်။ ဖွံ့ဖြိုးစေချင်တယ်. . .။နောင်လာနောက်သားတွေရဲ့ အကျိုးအတွက်ဆိုပြီး အတွေးသာရှိမယ်ဆိုရင် ဒါမျိုးမလုပ်သင့်ဘူး။ သူတို့မှာ ဒါမျိုးအတွေးလည်းမရှိဘူးထင်တယ်"ဟု ဦးခင်ဇော်က ပြောသည်။

ငါးရှော့တိုက်ခြင်းကိုနေ့ညမပြတ်လုပ်ဆောင်နေကြပြီး လက်ရှိ ပူတာအိုဒေသတွင် ငါးမျိုးသုဉ်းခြင်းများလည်း ဖြစ်ပေါ်နေသည်ဟု ဦးခင်ဇော်က ပြောသည်။

ပူတာအိုလူဦးရေ၏ (၁၅) ရာခိုင်နှုန်းခန့်က ထိုကဲ့သို့ ငါးရှော့တိုက်ခြင်း၊ ငါးမိုင်းခွဲခြင်း ပြုကာ တံငါလုပ်ငန်းကို မှီခိုလုပ်ကိုင်နေကြသည်ဟုလည်း သိရသည်။

"(၁၅) ရာခိုင်နှုန်းလောက်တော့ ဒီငါးရှော့တိုက်တာကို မှီခိုလုပ်နေကြတယ်။ နောက်ပြီး မိုင်းကွဲတာတွေလည်း များတယ်။ သူတို့က ငွေရှာတာလေ. . . ရလာတဲ့ငါးတွေကို ဈေးထဲမှာ ပြန်ရောင်းတယ်။ အမျိုးသားတွေက ငါးရှော့တိုက်တယ်။ သူတို့ အမျိုးသမီးတွေက ဈေးမှာပြန်ရောင်းကြတယ်။ နေ့တိုင်းပဲ ဒီဟာက ဖြစ်နေတာ"ဟု မြို့မရပ်ကွက်နေ ဦးခင်ဇော်က ထပ်မံပြောဆိုသည်။

ရှော့တိုက်ရာမှ ဓာတ်လိုက်သေဆုံးထားသည့် ငါးများကို စားသောက်ခြင်းဖြင့် ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ပျက်ကျနိုင်ခြင်း၊ အမျိုးသမီးများ ကိုယ်ဝန်မဆောင်နိုင်ခြင်း၊ မွေးဖွားလာသည့်ကလေးများကိုယ်အင်္ဂါမစုံခြင်းတို့ဖြစ်တတ်သည်ဟုပူတာအိုမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမြင့်ဦးက ရှင်းပြပြောဆိုသည်။

"ရှော့တိုက်တဲ့ အချိန်မှာ ရှော့ထိမိပြီး သေဆုံးသူတွေလည်းရှိတယ်လို့ကြားဖူးတယ်။ ငါးရှော့တိုက်တဲ့ ပတ်ဝန်းကျင်ကနေ ထိမိပြီး သေသွားတဲ့ငါးကတော့ သေသွားပြီး မသေဘဲ ကျန်ခဲ့တဲ့ငါးကတော့ မျိုးမအောင်နိုင်တော့ဘူး၊ ပြီးတော့ အဲ့ဒီငါးက ပုံမှန်မဟုတ်တော့ဘူး။ ငါးပဲမဟုတ်ဘဲနဲ့ ရှော့တိုက်တဲ့အတွက် ရေထဲမှာရှိတဲ့အခြား သတ္တဝါတွေလည်းပျက်စီးစေတယ်"ဟု၎င်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ငါးရှော့တိုက်ခြင်းကို ဘက်ထရီအိုး၊ Honda မီးစက်တို့ဖြင့် ဖမ်းဆီးကြပြီး ယခင်က တစ်နေ့လျှင် ငါးပိဿာချိန် ၂၀/၃၀ခန့်ရရှိကြသော်လည်း လက်ရှိတွင် ငါးမျိုးသုဉ်းလာခြင်းကြောင့် ၁၀ ပိဿာခန့် ရရှိနေကြသည်ကို တွေ့မြင်ရကြောင်း ဦးခင်ဇော်က ပြောသည်။

"တစ်ပတ်မှာ လူတစ်ယောက်က သုံးကြိမ်အနည်းဆုံးလုပ်နေကြတယ်။ တချို့ဆို နေ့တိုင်းလိုပဲလုပ်နေကြတယ်။ ဒီ မီးစက်၊ ဟွန်ဒါစက်နဲ့ မီးကြိုးအရှည်တွေနဲ့တိုက်တော့ ငါးအကြီးတွေကော ရတယ်။ အသေးတွေကောပဲ။ ဈေးတွေမှာလည်း ရှော့တိုက်တဲ့ ပစ္စည်းတွေလည်း ရောင်းနေတယ်။ နေ့ဆို ဆိုလာပြားနဲ့ အားသွင်း၊ ညဆို ရှော့တိုက်၊ အဲ့လိုမျိုးလုပ်နေကြတာ။ ညနေ ၂ နာရီလောက်ဆို ပြန်လာကြပြီ။ အထမ်းလိုက်ကို ပြန်လာကြတာ၊ လေးယောက်သွားရင် လေးယောက်လုံး အထမ်းနဲ့ပဲ ပြန်လာကြတာ။ အခုတော့ သိပ်ရကြတော့တဲ့ပုံ မပေါ်တော့ဘူး" ဟု ၎င်းက ပြောသည်။

ပူတာအိုဒေသတွင် ငါးရှော့တိုက်ခြင်း ပြဿနာကို သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် တားဆီးပေးရန် တောင်းဆိုလိုသည် ဟုလည်း ဦးခင်ဇော်က ပြောသည်။

"လုပ်နေတာကို တွေ့လည်း ကျွန်တော်တို့က ပြည်သူတစ်ယောက်အနေနဲ့ တားလို့မရဘူး၊ငါးဦးစီးဌာနရှိတယ်၊ ထွေအုပ်ရှိတယ်၊ ရဲရှိတယ် ဥပဒေအရ အရေးယူမယ့်သူတွေရှိတယ်။ ဘာဖြစ်လို့ မတားမြစ်တာလဲ။ ငါးဦးစီးဌာနက လူကြီးနဲ့တွေ့ပြီး "ဒီလိုရှိနေတယ်" ပြောပြတော့ "ကျွန်တော်တို့က လည်း တစ်နှစ် ၂ နှစ်လောက်ပဲ အလွန်ဆုံးနေရမယ်။ ကျွန်တော်လုပ်လို့ နောက်လာတဲ့လူကမလုပ်ရင် အလကားပဲ" အဲ့လိုပဲပြောတယ်။ ဒီလိုမဟုတ်ဘူး ပြောပြတယ်။ တစ်နှစ်ပဲနေနေ၊ တစ်လပဲနေနေ ကျွန်တော်တို့ပူတာအိုအတွက် လုပ်စေချင်တယ်။ ဥပဒေအရ လုပ်စေချင်တယ်"ဟု ၎င်းက ပြောသည်။

ငါးရှော့တိုက် ဖမ်းဆီးမှု လျှော့ချရေးအတွက် ကျေးရွာများ၊ ကျောင်းများတွင် ပညာပေးဟောပြောမှုများ လုပ်ဆောင်ပြီး ဈေးများတွင်လည်း ရှော့တိုက်သည့် ပစ္စည်းများ ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်ဆိုင်းဘုတ်များ ပြုလုပ်ထားကြောင်း ပူတာအိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးမြင့်ဦးက ပြောသည်။

"ရွာတွေ ဆင်းတယ်၊ ကျောင်းတွေမှာ ဟောပြောပွဲလုပ်တယ်။ ဒီငါးတွေကို ရှော့မတိုက်ဖို့ရယ်၊ ငါးရှော့တိုက်နေတာတွေ တွေ့ရင်လည်း သတင်းပေးဖို့၊ တွေ့လို့ရှိရင် သက်ဆိုင်ရာ အကြောင်းကြားပေးဖို့ ကျောင်းမှာလုပ်တာက ကလေးတွေကနေ တစ်ဆင့် သူတို့အဖေအမေ ဆွေမျိုးတွေ သိအောင်လုပ်တာ၊ နောက်ပြီး ဈေးတွေမှာလည်း ရှော့တိုက်တဲ့ ပစ္စည်းတွေလည်း မရောင်းဖို့ တားမြစ်ဆိုင်းဘုတ်တွေလည်း ကပ်ထားတယ်။ ဒီမှာကတော့ နယ်မြေအနေအထားအရမူတည်တယ်၊သွားရလာရတာ အဆင်မပြေဘူး။ အခါတိုင်းနှစ်နဲ့ ယှဉ်မယ်ဆိုရင် မထူးပါဘူး၊ ရှာစားနေကြတာပဲ"ဟု ဦးမြင့်ဦးက ပြောသည်။

ပူတာအိုမြို့နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း ငါးရှော့တိုက်သူ သုံးဦးကို ဖမ်းဆီးခဲ့ဟု သိရသည်။

ပေါက်ကွဲစေတတ်သော ပစ္စည်း၊ အဆိပ်အတောက် ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း၊ တားမြစ်ထားသည့် ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း (ဥပမာ - ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း)စသည်တို့ကို တားမြစ်ထားပြီး အဆိုပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ငွေဒဏ် ကျပ်သုံးသိန်းဖြစ်စေ၊ထောင်ဒဏ် ၂နှစ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်ဖြစ်ကြောင်း ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ - ၅၀ တွင် ပြဋ္ဌာန်းထားသည်။

ပူတာအိုမြို့နယ်တွင် ရှော့တိုက်ငါးဖမ်းခြင်းကို မကျော့ဝေါ့၊ ဖန်ခိုင်၊ မလိဒီ၊ မုဒုံ၊ လေမယ်ဝါချီ၊ နန်ရှယ်ကော့ စသည့် ကျေးရွာများတွင် အများဆုံး လုပ်ဆောင်နေကြသည်ဟု ဒေသခံများထံမှ သိရသည်။

Salai ၊ဂျိုး (ပူတာအို)

# သက်ငယ်မုဒိမ်းမှု ကျူးလွန်သတ်ဖြတ်ခဲ့သူကို မိုးညှင်းခရိုင် တရားရုံးက သေဒဏ်ချမှတ်

မိုးညှင်း၊ ဒီဇင်ဘာ ၁၂

မိုးကောင်းမြို့တွင် အသက် ၁၀ နှစ်နှင့် တစ်လအရွယ် မိန်းကလေးကို အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ခဲ့သူ နှစ်ဦးကို မိုးညှင်းခရိုင်တရားရုံးက ဒီဇင်ဘာလ ၁၂ရက်နေ့တွင် သေဒဏ်အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်မှုကျူးလွန်သည်ဟုစွပ်စွဲခံရသူ နှစ်ဦးအနက်မိုးကောင်းမြို့နယ်၊အောင်မင်္ဂလာကျေးရွာမှ အသက် ၃၇ နှစ်အရွယ် ဦးမောင်ဌေးဆိုသူသည် စတင်ဖမ်းဆီးချုပ်နှောင်ပြီး မိုးညှင်းထောင်အရောက် မတ်လ ၆ ရက်နေ့က ပုဆိုးဖြင့် ကြိုးဆွဲချသေဆုံးသွားသဖြင့် အသက် ၅၈ နှစ်အရွယ် ဦးမောင်ရီကိုသာ သေဒဏ်အမိန့်ချမှတ်ခဲ့ကြောင်း မိုးညှင်းခရိုင်တရားရုံးမှ သိရသည်။

၎င်းတို့နှစ်ဦးသည် မုဒိမ်းမှုအပြင် လူသတ်မှုပါ ထပ်မံကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၃၀၂(၁)ဂ အရအမိန့်ချခဲ့ကြောင်းမိုးညှင်းခရိုင်တရားသူကြီး ဦးဝင်းဆောင်က ပြောသည်။

"သက်ငယ်မုဒိမ်းမို့လို့ သေဒဏ်ပေးတာ မဟုတ်ပါဘူး။ သက်ငယ်မုဒိမ်းမှုမှာ ပြစ်မှုထင်ရှားရင် ထောင်ဒဏ်အနှစ် ၂၀အထိ အမိန့်ချမှတ်ပါတယ်။ မုဒိမ်းမှုနဲ့လူသတ်မှုမှာ ပြစ်မှုထင်ရှားရင် သေဒဏ်အပြစ်ပဲ ပေးရပါတယ်။ အခုအမှုက ပြစ်မှုထင်ရှားတဲ့ သက်ငယ်မုဒိမ်းနဲ့ လူသတ်မှုပါ၊ သက်ငယ်ပဲဖြစ်ဖြစ်၊ သက်ကြီးပဲဖြစ်ဖြစ် သေဒဏ်အပြစ်ကလွဲလို့ ချမှတ်လို့ မရပါဘူး"ဟု တရားသူကြီးက ရှင်းပြပြောဆိုသည်။

အဆိုပါ တရားခံနှစ်ဦးသည် မိုးကောင်းမြို့နယ်၊ အောင်မင်္ဂလာကျေးရွာမှ မိန်းကလေးငယ်တစ်ဦးကို ရေရှင်အုပ်စု ပရဟိတကွင်းအမှတ် - ၇၃ ရှိ စိုက်ခင်းအနီး အနောက်ဘက် ၂ ဖာလုံခန့် နေရာ၌ ဖေဖော်ဝါရီလ ၂၅ ရက် နေ့လည် ၁၁ နာရီအချိန်ခန့်တွင် အဓမ္မပြုကျင့်ကာ သတ်ဖြတ်ခဲ့ကြကြောင်း မိုးညှင်းခရိုင်တရားရုံးမှ သိရသည်။

ထိုမိန်းကလေးငယ်၏ ညာဘက်လည်ပင်းတွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ကျောအနောက်တွင် ဓားဒဏ်ရာ သုံးချက်၊ညာဘက်ခါးတွင် ဒဏ်ရာ တစ်ချက်၊ ရင်ညွန့်တွင် ပြတ်ရှဒဏ်ရာတစ်ချက်တို့ဖြင့် လဲကျသေဆုံးနေပြီး မိန်းကလေးဝတ်ဆင်ထားသော ဘောင်းဘီမှာ ကျွတ်လျက်အနေအထားဖြင့် တွေ့ရှိခဲ့ရသောကြောင့် ဖခင်ဖြစ်သူမှအမှုဖွင့် တိုင်တန်းခဲ့သည့်အမှု ဖြစ်သည်။

ထွန်းထွန်း(မိုးညှင်း)

» စာ - ၃ မှ

ရှောက်မှုပေးနေသည့် အဖွဲ့အစည်းများထံမှ အဓိက ရယူနေကြောင်း၊ ပြည်နယ်ကျန်းမာရေးဌာနက ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကပ်ရောဂါအသွင်ကျရောက်သော လုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာဝန်အင်အားနည်းပါးသဖြင့် ယနေ့တိုင် ဆရာဝန်စေလွှတ်ပေးနိုင်ခြင်းမရှိကြောင်း ရှင်းပြပြောဆိုခဲ့သည်။ သို့သော်လည်း မကြာမီကာလတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ခန့်ထားမည့် သစ်လွင်ဆရာဝန်များ ရောက်ရှိလာလျှင် လက်ရှိဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်နေသော လက်ထောက်ဆရာဝန်များကို တောင်ပေါ်ဒေသများသို့ အမြန် ခန့်အပ်နိုင်ရေး တင်ပြသွားမည်ဟုလည်း ဖြေကြားခဲ့သည်။

## သင်ယူနှောင့်နှေး ပညာရေး

ထိုဒေသရှိကျောင်းဆောင်များသည် ယခင်နှစ်ပေါင်းများစွာက ဆောက်လုပ်ထားခဲ့သည့် ကျောင်းများဖြစ်သည့်အတွက် ကျောင်းဆောင်များကို တိုးချဲ့ဆောက်လုပ်ပေးစေလိုခြင်းနှင့် ယခုထက် အရည်အချင်းပြည့်သည့် ဆရာ၊ ဆရာမများ စေလွှတ်ပေးစေလိုခြင်းက ပညာရေးနှင့်ပတ်သက်ပြီး ဒေသခံတို့ အတောင့်တဆုံးအရာတစ်ခုဖြစ်သည်။

ယခုကလေးများသင်ကြားနေသည့် ပန်ဝါအထက်တန်းကျောင်းသည် ယခင်က NDA (K) တို့က တရုတ်ငွေယွမ် သုံးသိန်းခန့် အကုန်အကျခံ တည်ဆောက်ထားသည့် ကျောင်းဖြစ်ကြောင်း ဒုဥက္ကဋ္ဌထံမှ သိရသည်။ နှစ်ကာလများ ကြာလာသည်နှင့်အမျှ လူဦးရေတိုးလာသည့်အခါ ကျောင်းဆောင်များတိုးချဲ့ဆောက်လုပ်ရန် လိုအပ်လာနေသည်။

"ကျွန်တော်တို့ကို ကျောင်းဆောင်တွေ တိုးဆောက်ပေးပါ။ ပြီးတော့ ဒီမှာ တာဝန်ကျတဲ့ ကျောင်းအုပ်နဲ့ ဆရာ၊ ဆရာမတွေက မြို့ဘက်က ပယ်သီးတွေကိုပို့လိုက်တာဖြစ်တယ်။ ဒီက ပြန်ပြီဆိုတာနဲ့ ရာထူးတွေတိုးယူနိုင်ကြတယ်။ ကျွန်တော်တို့ နယ်စပ်ဒေသကို စာကောင်းကောင်း မသင်တတ်တဲ့ သူတွေကိုမပို့ပေးကြပါနဲ့။ သူတို့က ဒီမှာ ရာထူးတိုးရောက်လာကျတော့ စာကောင်းကောင်း မသင်တတ်ဘူး"ဟု NDAK ဒုတိယဥက္ကဋ္ဌ ဦးဝမ်ထယ်ဘရန်အောင်က ပြောသည်။

ယင်းဒေသသို့တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာကြ



သည့် ဆရာ၊ ဆရာမများသည် ရာထူးတိုးဖြင့် ရောက်ရှိလာကြသူများဖြစ်သဖြင့် တစ်နှစ်၊ နှစ်နှစ်ခန့် နေထိုင်ကာပြန်လည်ပြောင်းရွှေ့သွားကြကြောင်း၊ တချို့ဝန်ထမ်းများက သတ်မှတ်နှစ်မတိုင်ခင် ပြန်သွားကြပြီးတချို့က လာရောက်ခြင်းပင်မရှိသည့်အတွက် လစ်လပ်နေရာများလည်းရှိနေကြောင်း၊ အခြား မြို့ပေါ်ကျောင်းများအဆင့်အထိ မမီနိုင်သော်လည်း စာကောင်းစွာ သင်ကြားပေးနိုင်မည့် ဝန်ထမ်းများကို ပို့ပေးစေလိုကြောင်း တောင့်တနေကြခြင်းဖြစ်သည်။

ပြည်နယ်ပညာရေးဌာနကတော့ မည်သည့်နေရာပင်ဖြစ်စေ ပညာရေးဝန်ထမ်းများကို အဆင့်အတန်း ခွဲခြားခြင်း မရှိဘဲ တာဝန်ပေးစေလွှတ်နေပြီး ရာထူးအဆင့်နှင့် လျော်ညီသည့် အရည်အချင်း ပြည့်မီသူများကိုသာ ခန့်ထားစေလွှတ်ကြောင်းပြည်နယ်ပညာရေးမှူးရုံးမှ ဒုညွှန်ကြားရေးမှူး ဦးသန်းထွန်းက ပြောသည်။

"သင်ကြားရေးပိုင်းမှာတော့ တခြားတော့ မလိုလောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အကောင်းဆုံးမဟုတ်တောင် အရည်အချင်းရှိတဲ့သူတွေကိုပဲပို့တာပါ။ အခက်အခဲဆိုလို့တော့ လမ်းမကောင်းတာ၊ အစားအသောက်အခက်အခဲ၊ ရာသီဥတု အခြေအနေနဲ့ ဘာသာစကားပြောတာတွေကတော့ ခက်ခဲမှုတော့ ရှိမှာပါ"ဟု ဦးသန်းထွန်းကပြောသည်။

ယင်းဒေသသို့ ရဟတ်ယာဉ်လေးဖြင့် အသာအယာသွားရောက်နိုင်သော နိုင်ငံတော် အကြီးအကဲများပင် မသွားသည့် ထိုဒေသကို ဝန်ထမ်းလစာ တစ်လစာမက ခရီးစရိတ်အကုန်အကျခံပြီး သွားရောက်ရမည့် ဝန်ထမ်းများ မသွားရောက်လိုကြခြင်းကို အပြစ်တစ်ခုအဖြစ် မမြင်လိုသော်လည်း ဒေသအနာဂတ်ကို ပိုင်စိုးထားသည့် ဒေသခံကျောင်းသားများ၏ ပညာရေးက ဆရာ၊ ဆရာမများ၏ လက်ထဲတွင် ရှိနေသည်။

## စိုက်/မွေးပညာ တို့ဝမ်းစာ

ယင်းဒေသသည် အဓေးလွန်ဒေသတစ်ခု ဖြစ်သည့်အလျောက် သာမန်တောင်သူတို့၏နည်းလမ်းအတိုင်းစပါးစိုက်ပျိုးရန်မှာ စိန်ခေါ်မှုကြီးတစ်ခုဖြစ်လို့နေသည်။ ဒေသနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် အခြားစိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေး လုပ်ငန်းများကို နည်းစနစ်တကျ မလုပ်ကိုင်နိုင်ခြင်းက ဒေသခံတို့၏ နေ့စဉ်ဝင်ငွေရစေမည့် အသက်မွေးဝမ်းကျောင်းတစ်ခုကို ပိတ်ပင်နေသလိုရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များကို ဒေသအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပံ့ပိုးကူညီ လုပ်ဆောင်ပေးနိုင်မည့် ပညာရှင်များလည်း လိုအပ်နေပြန်သည်။

## အကြံကုန် ဂဠုန်ဆားချက်

ယင်းဒေသတွင် ကြီးစိုးနေသည့် အထူးဒေသ၏ အစီအမံတစ်ရပ်က ထိုဒေသတွင် လောင်းကစားဝိုင်းများ ဖွင့်လှစ်ထားခြင်း ဖြစ်သည်။ တာဝန်ရှိသူတို့ အကြောင်းပြသည်မှာ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်ရန် ရန်ပုံငွေရရှိရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကချင်အထူးဒေသ (၁) ဖွံ့ဖြိုးအုပ်ချုပ်ရေး ကော်မတီက ပြောသည်။

"လောင်းကစားဝိုင်းတွေ ရှိတာ မကောင်းဘူးဆိုတာ ကျွန်တော်တို့သိတယ်။ ဒါပေမဲ့ ဒေသဖွံ့ဖြိုးရေးအတွက် တခြားနည်းလမ်းနဲ့ ရန်ပုံငွေရှာခွင့်လည်းမရှိဘူး။ ကုန်ကုန်ပြောရမယ်ဆိုရင် အကြံကုန် ဂဠုန်ဆားချက်ဖြစ်တယ်။ ဒီ့အပြင် ကျွန်တော်တို့မှာ ဘာမှမရှိဘူး။ နိုင်ငံတော်အစိုးရကလည်း မထောက်ပံ့ဘူး။ ဘယ်လူမျိုး၊ ဘယ်အဖွဲ့အစည်းကလည်း မထောက်ပံ့ဘူး။ ကျွန်တော်တို့ ကိုယ်တိုင်မှာလည်း ဘာမှမရှိဘူး။ ဆိုတော့ကာ ကျွန်တော်တို့ ဘယ်လို အသက်ရှင်မလဲ။ တရားဝင်ခွင့်ပြုထားတာမျိုးတော့ မဟုတ်ပါဘူး"ဟု ကော်မတီဝင်များက ပြောသည်။

အကြံကုန်ဂဠုန်ဆားချက် ဆိုသည့် စကားပုံကို အလျဉ်းသင့်တုန်း ပြောရလျှင် "မိမိတို့ကြံစည်ထားသည့် အရာများ အထမမြောက်သေးသည့်အချိန် ကြံမိကြံရာ ထကြံကြရခြင်း"ဆိုသည့် အနက်အဓိပ္ပါယ်ဖြစ်သည်။ စကားပုံ ဇစ်မြစ်က ပုံဝတ္ထုတစ်ပုဒ်နှင့် ဆက်စပ်နေပါသည်။ ရှေးသရော အခါကဟု အစပြုပြီး ဝေမျှရလျှင် ပုံဝတ္ထုမှာ နဂါးတစ်ကောင်ကို ဖမ်းဖို့ ဂဠုန်က နောက်ကလိုက်ရာမှာ ပုံစံအမျိုးမျိုးနဲ့ ပြေး/လိုက်နေကြရင်း ပင်လယ်ကမ်းစပ်တစ်နေရာအရောက် နဂါးက ရေထဲဆင်းပြေးသွား၊ ဂဠုန်က ရေမကူးတတ်တော့ ရေထဲဆင်းလိုက်လို့မရ၊ ပင်လယ်ကမ်းစပ်ကစောင့်၊ ပင်လယ်ကမ်းစပ်မှာ ဒီအတိုင်း ထိုင်စောင့်နေလို့မရတော့တဲ့အဆုံး ဂဠုန်ကြီးက လူယောင်ဖန်ဆင်းပြီး ဆားချက်ရင်း နဂါးတက်အလာကို စောင့်တာကိုဆိုလိုကြောင်း မှတ်သားဖူးသည်။

အန်ဒီအေတို့လည်း အစိုးရအလာကို ဒေသခံတို့နဲ့အတူ ဆားချက်ရင်း စောင့်ဆိုင်းတဲ့နေရာမှာ လောင်းကစားဝိုင်းများဖြင့် ဒေသဖွံ့ဖြိုးအောင်တည်ဆောက်နေခြင်း မဟုတ်ဘဲ လာရောက်လောင်းကစားဝိုင်းဖွင့်သူ တစ်ဖက်နိုင်ငံသားများနှင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်သဘောတူညီမှုယူကာ ခွင့်ပြုထားခြင်းဖြစ်သည်ဟုကချင်အထူးဒေသ(၁)ဖွံ့ဖြိုးအုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူက ရှင်းပြသည်။

"ဖွံ့ဖြိုးရေးလုပ်ငန်းမှာ ပံ့ပိုးပေးဖို့ဆိုပြီးတော့ ရည်ရွက်တာလည်းမဟုတ်ပြန်ဘူး။ ပံ့ပိုးရလောက်အောင် ဆိုပြန်တော့လည်း ဖဲရုံနဲ့ ဒီဒေသ တည်ဆောက်သလို ဖြစ်နေဦးမယ်။ သဘောတစ်ခုပြောရမယ်ဆိုရင် ဒေသတစ်ခုမှာ လူအလည်အပတ်ဖြစ်အောင် လုပ်ပေးထားသလိုပါပဲ။ တစ်ခု ပြောနိုင်တာက ကျွန်တော်တို့ဒေသက လူတွေ ၅၀ ရာခိုင်နှုန်းတောင်မရှိဘူး။ အားလုံးနီးပါးက(လာကစားကြတာ)တရုတ်နိုင်ငံက လူတွေပဲ"ဟု ဒုတိယဥက္ကဋ္ဌဦးဝမ်ထယ်ဘရန်အောင်က ပြောသည်။

ယင်း လောင်းကစားရုံများရှိခြင်းကြောင့် ရာဇဝတ်မှုများ မရှိရန် ယင်းကော်မတီမှလည်း စောင့်ကြည့်နေပြီးတရုတ်နိုင်ငံမှလည်းပြဿနာတစ်စုံတစ်ရာဖြစ်ပါက ဖုံးကွယ်မထားဘဲ တရုတ်မြန်မာနယ်စပ်ပြဿနာဖြေရှင်းရေး ကော်မတီနှင့် တရုတ်နိုင်ငံဘက်မှ နယ်ခြားစောင့်အဖွဲ့များက ဖြေရှင်းပေးနေကြောင်း သိရသည်။

"ကျွန်တော်တို့ကလည်း အရမ်းခက်ခဲနေတာ သူတို့လာလုပ်တာကို ပိတ်ပင်ရင်လည်း ဘာမှ ဖြစ်မလာပါဘူး။ နိုင်ငံတော်အစိုးရက ထိန်းချုပ်နယ်မြေတွေဖြစ်တဲ့ မြို့ကြီးတွေမှာတောင်ရှိတာ ဒါကတော့ အသေးအဖွဲ့ပါပဲ။ ကျွန်တော်တို့ကိုယ်တိုင် မလုပ်ချင်ဘူး။ တရုတ်တွေက သူတို့လူတွေနဲ့ လာလုပ်တာ ကျွန်တော်တို့ကို လာထိုးကျွေးနေတာ ဖြစ်တယ်။ နိုင်ငံတော်က ကောင်းကောင်းပံ့ပိုးပေးနိုင်ရင်တော့ ဒီလောင်းကစားတွေက အလိုအလျောက် ချုပ်ငြိမ်းသွားမယ့် အရာတွေဖြစ်ပါတယ်"ဟု ကချင်အထူးဒေသ (၁)ဖွံ့ဖြိုးအုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက ပြောသည်။

## မြေပုံထောက်စီမံကိန်းများနှင့် ဒေသအနာဂတ်

ထိုဒေသကို နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးယူပြီးနောက် ဒေသဖွံ့ဖြိုးရေးအတွက် အုပ်ချုပ်မှုကိစ္စအဝဝကို ဦးဇခုန်တိန့်ယိန်း(ယခင်အစိုးရလက်ထက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)နှင့် လက်ရှိပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇခုန်ယိန်းဆောင်တို့ ဆောင်ရွက်ခဲ့သည်ဟု ကချင်အထူးဒေသ(၁)ဖွံ့ဖြိုးမှု အုပ်ချုပ်ရေးကော်မတီ ဒုဥက္ကဋ္ဌ ဦးဝမ်ထယ်ဘရန်အောင်နှင့် တွေ့ဆုံစဉ် ပြောပြသည်။

အစိုးရဌာနဆိုင်ရာ ရုံးများထားရှိခဲ့သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်မှုမရှိသည့်အကြောင်းနှင့် အစိုးရက တာဝန်ယူ လုပ်ဆောင်ခြင်းမရှိသည့်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့အဖွဲ့က တာဝန်ယူဆောင်ရွက်နေရသည်ဟုလည်း ဒုဥက္ကဋ္ဌက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"နိုင်ငံတော်အစိုးရက ဌာနတွေသာ လာစွဲထိုင်ထားတယ် ဘာမှမလုပ်ပေးဘူး။ စစ်ဥပဒေပြဋ္ဌာန်းတဲ့ဒေသ မဟုတ်ပေမဲ့ သိပ်မထူးခြားတဲ့ ဒေသဖြစ်နေတယ်။ အခုချိန်ထိ ဒီမိုကရေစီရဲ့အရသာကို ဘာမှ မခံစားရသေးဘူး။ အဲဒီအချက်တွေကြောင့် လူထုတွေရဲ့ လုံခြုံရေးနဲ့ စီးပွားရေး၊ စားဝတ်နေရေးတို့ဆိုတာ ကျွန်တော်တို့ဆီမှာ ဘာမှမျှော်လင့်စရာမရှိဘူး။ အခုဒီနေရာမှာ ဖွံ့ဖြိုးနေတာကလည်း နိုင်ငံတော်အစိုးရကလုပ်တာ မဟုတ်ဘူး။ ကျွန်တော်တို့ကိုယ်တိုင် ကိုယ့်ခြေဖဝါးပေါ် ကိုယ်ရပ်ပြီး ဆောင်ရွက်နေတဲ့အဆင့်ပဲ ရှိသေးတယ်"ဟု ဦးဝမ်ထယ်ဘရန်အောင်က ပြောသည်။

ထိုဒေသမှ ဒေသခံများ အဆိုးဆုံးခံစားနေရသည့် ပြဿနာတစ်ရပ်မှာ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်း၊ ကျန်းမာရေးအတွက် အားထားရာမရှိခြင်း၊ ပညာရေးနောက်ကျခြင်းများ ဖြစ်သည်။ မြန်မာပြည်၏ ထုံးစံအရ နိုင်ငံတော်အဆင့် အကြီးအကဲများ မရောက်သည့် အရပ်ဒေသသည် ဘယ်တုန်းကမျှ မဖွံ့ဖြိုးခဲ့။ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မပေးခဲ့ရုံတင် မဟုတ်။ နိုင်ငံတကာတွင် နှစ်ပေါင်းဆယ်ချီ လေ့လာလုပ်ကိုင်လေ့ရှိသော ရေအားလျှပ်စစ်စီမံကိန်းများကို နှစ်နှစ်တည်းနှင့် မြေပုံထောက်ပြီး တက်သုတ်ရိုက် လုပ်ချလိုက်ခြင်းက ဒေသပျက်စီးရေးကို ဦးတည်လုပ်ကိုင်ခဲ့ခြင်းသာ ဖြစ်သည်ဟု ရှုမြင်မိတော့သည်။

ဒုတိယအကြိမ် အင်္ဂလိပ်စာမိသားစု
အာစရိယပူဇော်ပွဲ အခမ်းအနား

(၁၉၉၆-၂၀၁၈) မြစ်ကြီးနားတက္ကသိုလ်အင်္ဂလိပ်စာမိသားစု ကျောင်းသား/သူ ဟောင်းများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲ အခမ်းအနားကို (၂၂-၁၂-၂၀၁၈)ရက် စနေနေ့နံနက် (၉း၀၀) နာရီတွင် မြစ်ကြီးနားတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်
ဖုန်း - ၀၉-၂၄၀၁၅၃၄၊ ၀၉-၇၉၃၉၅၉၂၉၀၊ ၀၉-၂၄၀၀၉၇၅

မြစ်ကြီးနားတက္ကသိုလ်
အင်္ဂလိပ်စာကျောင်းသား/သူဟောင်းများ

# မြစ်ကြီးနားမြို့တွင် ကချင်ပြည်နယ်အတွင်းရှိ ဝါးထုတ်ကုန် တန်ဖိုးမြှင့်ပစ္စည်းများကို ပထမဦးဆုံးအကြိမ် ခင်းကျင်းပြသမည်

မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၃

ရန်ကုန်အခြေစိုက် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးရေးအသင်းမှဦးဆောင်၍ "အစုအဖွဲ့ပိုင်ဝါး-ကနေဦးကြိုးပမ်းမှုများနှင့် အလားအလာ" ခေါင်းစဉ်ဖြင့် ဝါးထုတ်ကုန် တန်ဖိုးမြှင့်ပစ္စည်းများ ခင်းကျင်းပြသခြင်း အစီအစဉ်ကို ပထမဦးဆုံးအကြိမ်အဖြစ် မြစ်ကြီးနားမြို့၊ ရွှေပြည်စံခန်းမတွင် ဒီဇင်ဘာလ ၂၁ရက်နေ့၊နံနက်(၉)နာရီမှ နေ့လည်(၁၂)နာရီအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့ရှိ ဝါးတန်ဖိုးမြှင့်ထုတ်ကုန် သင်တန်းသား စုစုပေါင်း(၃၅)ဦးကို မွေးထုတ်ပေးခဲ့ရာ ၎င်းတို့ကိုယ်တိုင် ဝါးဖြင့် ပြုလုပ်ထားသော ပစ္စည်းများကို အဓိကထား ပြသသွားမည်ဖြစ်ကြောင်း စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ Project Coordinator ကိုစည်သူထွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အဓိက ကတော့ ဝါးကို အဓိကထားတယ်။ ဒါပေမဲ့ အဲဒီမှာ သစ်တောထွက်ပစ္စည်းဖြစ်တဲ့ ကြိမ်နဲ့ပတ်သက်တဲ့ ပြခန်းတစ်ခန်း ပါမယ်။ အဓိက ဘာတွေပါမလဲဆိုရင် ဝါးနဲ့လုပ်ထားတဲ့ ပရိဘောဂပစ္စည်းတွေ ပါမယ်. . . ခုံတို့၊ စားပွဲ၊ ဆက်တီတို့ ပေါ့လေ။ ပြီးရင် နောက်တစ်ခုကကျတော့ လက်မှုထည်ပစ္စည်းတွေ ပါမယ်။ လင်ဗန်း၊ ခွက်၊ ရေဗူး စတဲ့ အသေးစားလေးတွေ ပါမယ်။ ဝါး စက်ဘီးပြခန်းတို့၊ ဝါးအိမ် ပုံစံငယ်ပြခန်းတို့ ပါမယ်။ ကချင်ပြည်နယ်အတွင်းမှာ ဝါးနဲ့ပတ်သက်ပြီးတော့ လုပ်နေတဲ့ဟာရှိတယ် အဲ့ဒါတွေကို စုစည်းပြီးတော့ ပြသသွားမယ်။ အဓိက ကတော့ သင်တန်းသားတွေ လုပ်ထားတဲ့ဟာကို ပြသသွားမှာပါ"ဟု ကိုစည်သူထွန်းက ပြောသည်။

၎င်း သင်တန်းသားများမှ ထုတ်လုပ်သော ဝါးတန်ဖိုးမြှင့်ပစ္စည်းများကို သက်ဆိုင်ရာ ပုဂ္ဂလိက လုပ်ငန်းရှင်အဖွဲ့များနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေး၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများနှင့် ပတ်သက်သည့် အရပ်ဘက်အဖွဲ့အစည်းများ၏ ကနေဦးဆောင်ရွက်ချက်များကို ပြန်လည်မျှဝေပေးရေးနှင့် သစ် မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကိုအသုံးပြု၍ ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဆွေးနွေးဖော်ထုတ်နိုင်စေရန်အတွက် ယင်းပြပွဲအခမ်းအနားကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထိုပြပွဲအခမ်းအနားတွင် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများနှင့် ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်းများ၏ ကနေဦးကြိုးပမ်းဆောင်ရွက်မှုအခန်းကဏ္ဍများကို ဆွေးနွေးခြင်းနှင့် အမေးအဖြေကဏ္ဍများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများနှင့် ပတ်သက်၍ အနာဂတ်၌ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့်လုပ်ငန်းကဏ္ဍများ ဆွေးနွေးခြင်း အစီအစဉ်များလည်းပါဝင်မည်ဖြစ်သောကြောင့် ဝါးနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက် လေ့လာကြည့်ရှုနိုင်ကြောင်းသိရသည်။

Benadeth

## စစ်ရှောင်စခန်းစောင့်ကြည့်

၁။ မြစ်ကြီးနားမြို့၊ ရာဒါကောင်းဘီ ရပ်ကွက်ရှိ COC စစ်ရှောင်စခန်းတွင် ကျောင်းတက်နေသည့် ကလေးများသည် ကျောင်းစာမလိုက်နိုင်သဖြင့် ကျောင်းထွက်သွားသည့် ကလေးများ နှစ်စဉ်နှစ်တိုင်းရှိနေကြောင်း သိရသည်။ စစ်ဘေးတိမ်းရှောင်ရာမှ မြို့ပေါ်ကျောင်းများတွင် ရောက်လာသူများဖြစ်ကြကာ ယခင်က ရွာတွင် သင်ကြားခဲ့သည့် ပညာရေးနှင့် မြို့ပေါ်က ပညာရေးကွာခြားမှုရှိသောကြောင့် စာမလိုက်နိုင်သည့် အခက်အခဲများရှိကာ ကျောင်းထွက်ရခြင်းဖြစ်ကြောင်း၊ လက်ရှိစစ်ရှောင်စခန်းမှ ကလေးများကို အခြားစစ်ရှောင်စခန်းမှ ကလေးများကဲ့သို့ ညစာကြည့်ဝိုင်း ပြပေးစေလိုကြောင်း ပြောကြသည်။

၂။ မြစ်ကြီးနားမြို့ရှိ မန်ခိန်နှစ်ခြင်း စစ်ရှောင်စခန်းတွင် အခြားလူနေအဆောင်များ လဲလှယ်သော်လည်း ရုံးခန်းဆောင်ဟု သတ်မှတ်ထားသည့် လူနေဆောင်မှာ ပြုပြင်လဲလှယ်မှု မရှိသေးကြောင်း သိရသည်။ ၎င်း ရုံးခန်းဆောင်သည် စစ်ရှောင်စတင်တည်ရှိစဉ်ကတည်းက ဆောက်လုပ်ထားသော အဆောင်ဖြစ်ကာ ၈နှစ် ကြာနေပြီဖြစ် သောကြောင့် ထရံ၊ ကြမ်းခင်း၊ အိမ်တိုင်များမှာ ဆွေးမြေ့လာပြီး ကျိုးပဲ့ပေါက်ပြဲမှု ဖြစ်နေသဖြင့် ဆက်လက်နေထိုင်ရန် အန္တရာယ် ရှိလာနိုင်၍ မြန်မြန်လဲလှယ်ပြုပြင်ပေးစေလိုသည်ဟု ဆိုကြသည်။

၃။ မြစ်ကြီးနားမြို့ မလိယာန်နှစ်ခြင်းစစ်ရှောင် စခန်းတွင် လျှပ်စစ်ဝါယာမီးကြိုးများ ဆွေးလာသဖြင့် ပေါက်ပြဲနေသော မီးကြိုးများမှ မကြာခဏမီးလောင်တတ်ကြောင်း သိရသည်။ အဆိုပါ မီးကြိုးများကို ယခင် စစ်ရှောင်စခန်း စတင်တည်ဆောက်စဉ်ကတည်းက တပ်ဆင်ထားပြီး အချိန်ကြာလာသည်နှင့်အမျှ ဟောင်းနွမ်းဆွေးမြေ့နေသည့်အတွက် အသစ်တပ်ဆင်လိုကြောင်း စစ်ရှောင်စခန်းက ပြည်သူများက ပြောသည်။

၄။ အင်ဂျန်ဒုံ စစ်ရှောင်စခန်းတွင် မိန်းကလေးအသုံးအဆောင်ပစ္စည်းများ လိုအပ်နေကြောင်း သိရသည်။ ယခင်က ယင်းပစ္စည်းများကို ထောက်ပံ့သူများရှိ၍ မိန်းကလေးများအတွက် အဆင်ပြေခဲ့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ယင်းကဲ့သို့ ထောက်ပံ့မှုများ မရှိတော့ကြောင်း သိရသည်။

PH ဘရန်ဂျာ





» စာ - ၁၂ မှ

တာဝန်ခံရသည်။

ပြည်ထောင်စုအစိုးရတွင် ဝန်ကြီးဌာနများကို လိုသလို အတိုးအလျှော့ လုပ်နိုင်သော်လည်း ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရတွင် ဝန်ကြီးဌာနသည် အနည်းဆုံး ၅ ခုနှင့် အများဆုံး ၁၀ ခုသာ ထားခွင့်ရှိကြောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ(ပုဒ်မ၄၊ခ)တွင်ရေးထားသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပုဒ်မ ၁၆၁၊ ဃ)အရ ပြည်နယ်သို့မဟုတ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံတစ်ပုံသည် တပ်မတော် ကိုယ်စားလှယ်များဖြစ်သည့်အလျောက် တပ်မတော်၏ ဩဇာအာဏာသည် ပြည်နယ်သို့မဟုတ်တိုင်းဒေသကြီး အစိုးရပေါ်တွင် ပို၍သက်ရောက်နိုင်သည်ကို တွေ့ရသည်။

### ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၏ ဦးစီးအဖွဲ့

ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် အနည်းဆုံးအဖွဲ့ဝင် ၁၀ ဦး ပါဝင်သည့် ဦးစီးအဖွဲ့ဖြင့် အုပ်ချုပ်သည်။ ၎င်း ဦးစီးအဖွဲ့ဝင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များမှ ရွေးကောက် တင်မြှောက်ထားသောပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ စေလွှတ်သော တပ်မတော်သားကိုယ်စားလှယ်များတို့ဖြင့် ဖွဲ့စည်းထားသည်။ စုစုပေါင်း ဦးစီးအဖွဲ့ဝင် ၁၀ ဦးအနက် လေးပုံတစ်ပုံသည် တပ်မတော်ကိုယ်စားလှယ်များဖြစ်သည် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥပဒေ ပုဒ်မ ၃၊ ၄၊ ၁၁)။

ဦးစီးအဖွဲ့ဥက္ကဋ္ဌသည် ရာထူးအလျောက် သက်ဆိုင်ရာပြည်နယ်သို့မဟုတ်တိုင်းဒေသကြီးဝန်ကြီးဖြစ်ပြီး သူသည် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ ၎င်းဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတကို တာဝန်ခံရသည်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေ(ပုဒ်မ ၁၅)အရ သိရသည်။

အချုပ်အားဖြင့် ဆိုရလျှင် နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ သုံးရပ်ကို ပြည်ထောင်စု၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းသည်ဟု ရေးသားထားသော်လည်း လက်တွေ့မှာ ခွဲဝေအပ်နှင်းမှုသည်အလွန်ပင်နည်းနေသည်ကို တွေ့ရသည်။

(ယော်ဘောမ်မန်ရှန် သည် ရန်ကုန်အခြေစိုက် နိုင်ငံရေးနှင့် ဥပဒေရေးရာ လေ့လာသုံးသပ်ရေးသားနေသူတစ်ဦး ဖြစ်သည်။ သူသည် Law and Diplomacy မဟာဝိဇ္ဇာဘွဲ့ကို The Fletcher School, Tufts University, USA မှ ရရှိခဲ့သည်။)

ကျမ်းကိုးများ။ ။

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

- နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ(၁၉/၂၀၁၀)
- ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေ (၁၇/၂၀၁၀)
- ပြည်ထောင်စု အစိုးရ အဖွဲ့ ဥပဒေ (၁၅/၂၀၁၀)
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဥပဒေ (၁၆/၂၀၁၀)
- နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ (၂၆/၂၀၁၆)

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
မြစ်ကြီးနားသတင်း ဂျာနယ်
( ဒီဇင်ဘာ ၁၇ ၊ ၂၀၁၈ )

# စစ်ပွဲတွေက ပြောင်းလဲပေးလိုက်တဲ့ ကချင်ပြည်နယ်ရဲ့ ရွှေလိမ္မော်ဈေးကွက်



ရာသီပေါ်သီးနှံတွေ ရောင်းဝယ်ဖောက်ကားကြတဲ့ အထဲမှာ အခုဆိုရင် သီးနှံပွဲစား တော်တော်များများ အားထားကြရတဲ့ လိမ္မော်သီးရာသီကို ရောက်ရှိလာခဲ့ပါပြီ။ လွန်ခဲ့တဲ့ ၈ နှစ်လောက်က အထွက်နှုန်းအရမ်းကောင်းခဲ့တဲ့ ကချင်ပြည်နယ်ထွက် လိမ္မော်သီးတွေဟာ အရောင်းအဝယ် အတော်လေးကို ဖြစ်နေခဲ့တယ်။ စားသုံးသူစိတ်ကြိုက်ဝယ်ယူ စားသောက်နိုင်တဲ့ ဈေးနှုန်းတွေနဲ့ ရောင်းချပေးနိုင်ခဲ့တယ်။ အရင်က လိမ္မော်သီးတွေက အခု စစ်ရှောင်ရွာတွေဖြစ်တဲ့၊ ဂါးရာယန်၊ ကဇူး၊ ဒဘတ်ယန်၊ ကန်တော်ယန်၊ ဆန်ပိုင် စတဲ့ လိုင်ဇာမြို့ကိုသွားတဲ့လမ်းတစ်လျှောက်က ကျေးရွာတွေနဲ့ ပန်ဝါဘက်ကို သွားတဲ့လမ်းက မန်ဒေါင်၊ ချီဖွေ အစရှိတဲ့ ကျေးရွာအနီးတစ်ဝိုက်က ထွက်ရှိခဲ့တာပါ။ ပုံမှန် အောက်တိုဘာလ အကုန်ဆိုရင် ဂါးရာယန်တစ်လျှောက်က အသီးတွေက အရင်မှည့်လေ့ရှိပြီး အရောင်းအဝယ်စကြပါပြီ။ မန်ဒေါင်က သီးတဲ့အသီးကတော့ နောက်ကျမှ ထွက်တာပါ။

ဒီရာသီတွေမှာဆို အဲဒီကျေးရွာထဲက လူကြီး၊ လူငယ်၊ အမျိုးသမီး၊ ကလေးတွေပါ အသီးခူး၊ အသီးရောင်းနဲ့ အလုပ်ဖြစ်ကြရတဲ့အပြင် အသီးတိုက်ပို့တဲ့ ကားဆရာ၊ စပါယ်ယာတွေပါ အလုပ်ဖြစ်ခဲ့ကြပြီး ခြံပိုင်ရှင်တွေ အနေနဲ့လည်း သင့်ရာဈေးနဲ့ ပွဲစားတွေဆီကို ရောင်းချနိုင်ခဲ့ပါတယ်။

အဲဒီတုန်းက ဈေးနှုန်းက ပြည်သူလူထု ဆင်းရဲချမ်းသာမရွေး ဝယ်စားသောက်နိုင်ပြီးတော့ အသီးတစ်လုံးမှ ၅၀ ကျပ်ကနေ ၁၀၀ ကျပ် လောက်ပဲရှိပါ။ အသီးဈေးနှုန်းချိုသာတဲ့အတွက် လမ်းဘေးပျံကျရောင်းချသူတွေရော တစ်ဆင့်ခံရောင်းချသူတွေပါ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေခဲ့ကြတာပါ။

"အဲဒီတုန်းကဆိုရင် အားလုံးအဆင်ပြေကြတယ်။ အလုပ်အကိုင်လည်း အားလုံးရကြတယ်။ နယ်မြေလည်းတည်ငြိမ်အေးချမ်းတဲ့ အခါကျတော့ လုပ်ကိုင် စားသောက်ရတာလည်း အဆင်ပြေတယ်"ဟု နှစ်ပေါင်း သုံးဆယ်ကျော်ကြာ သီးနှံပွဲစား လုပ်ကိုင်လာခဲ့သည့် ဦးမောင်မောင်က ပြောပါတယ်။

အခုဆိုရင်တော့ အထက်မှာပြောခဲ့တာတွေ ပြောင်းပြန်ဖြစ်သွားပါပြီ။ ၂၀၁၁ ခုနှစ် ကချင်ပြည်နယ်အတွင်း တစ်ကျော့ပြန်စစ်ပွဲတွေ ပြန်ဖြစ်လာတဲ့အခါမှာ လိုင်ဇာဘက်သွားတဲ့ လမ်းကရွာတွေက ပြည်သူတွေဟာ စစ်ရှောင်အဖြစ်နဲ့ ပြောင်းရွှေ့လာခဲ့ပါတယ်။

ကချင်ပြည်နယ် တစ်ပြည်နယ်လုံးရဲ့ အသီးအထွက်နှုန်း ၆၀ လောက်ထွက်တဲ့ လိုင်ဇာလမ်းတစ်လျှောက်က လိမ္မော်ခြံတွေက အခုဆိုရင်အကုန်လုံးနီးပါးကို ပျက်စီးကုန်ပါပြီ။ ၄၀ ရာခိုင်နှုန်းလောက် ထွက်တဲ့ ပန်ဝါ လမ်းတစ်လျှောက်ကပဲ ထွက်ရှိတော့တယ်လို့ ပွဲစားတွေက ပြောပါတယ်။

"အခုက လိုင်ဇာဘက်သွားတဲ့ နေရာတွေက စစ်မြေပြင်ဖြစ်ကုန်ပြီလေ။ အပင်တွေလည်းပျက်စီး၊ ခြံတွေလည်း ပျက်စီးကုန်ပြီ။ လူတွေလည်း မရှိ၊ အဲဒီဘက်က အသီးမထွက်တော့ အသီးတွေကလည်း အရင်ကဈေးထက် ထက်ဝက်မကတက်သွားပြီ။ အလုပ်သိပ်မဖြစ်တော့ဘူး"လို့လည်း ဦးမောင်မောင်က ဆက်လက်ပြောပြပါတယ်။

လက်ရှိ လိမ္မော်သီးဈေးကွက်ကိုလေ့လာကြည့်တဲ့အခါမှာတော့ အလုံးလတ် တစ်လုံးကိုတောင် သုံးရာအထိ ရောင်းချနေရတာကို တွေ့ရပါတယ်။ သယ်ယူစရိတ်၊ အသီးခူးခတွေ၊ အလုပ်သမားကြေးတွေဟာ အရင်ကထက် နှစ်ဆလောက်များနေတာမို့ အသီးဈေးတွေက မြင့်တက်လာရတာ ဖြစ်တယ်လို့လည်း ပြောဆိုနေကြပါတယ်။

"အခုဆိုရင် အသီးသယ်ဖို့က လှည်းတွေနဲ့တစ်ဆင့် တိုက်ရ၊ ငါးနှစ်လောက်မပြုမစုဘဲထားခဲ့ကြတဲ့အခါကျတော့ အကုန်လုံးပျက်စီး၊ အသီးကမထွက်တော့ ဈေးတွေတက်တာပါ။ အရင်တုန်းကလို ခြံတွေထဲသွားပြီးတော့ ခူးလို့မရတော့ပိုဆိုးသွားတာပေါ့"လို့ ဝါရင့်ပွဲစား ကိုခင်မောင်ဆန်းက လက်ရှိ အခြေအနေကို ပြောကြားခဲ့တာပါ။

ကချင်ပြည်နယ်က ထွက်ရှိလာတဲ့အသီးတွေကို သံလမ်းရိုးတစ်လျှောက်က မြို့ရွာတွေကို မီးရထား၊ ကားတွေနဲ့ တင်ပို့ရောင်းချလေ့ရှိကြပြီး ဈေးနှုန်းကြီးမြင့်မှု၊ တန်ဆာခကြီးမြင့်မှုတွေကြောင့် ထင်သလောက် အရောင်းအဝယ်မဖြစ်တော့ဘူးလို့လည်း ပွဲစား ဒေါ်ခေါန်အောင်က ပြောပါတယ်။

"ဒီဈေးတွေနဲ့ အဝေးကိုတင်ရမယ်ဆိုရင်လည်း ချုပ်ခ၊ ပို့ခ၊ အသီးခတွေဆိုရင် တစ်ဖက်က ပြန်ရောင်းရမယ့် လူတွေအတွက်လည်း မကိုက်ဘူး။ အဝေးလည်း အခု သိပ်ပြီးမပို့ရတော့ပါဘူး" ဟုလည်း အထက်ပါပွဲစားက ပြောပါတယ်။


ဒီလို လက်ကားဈေးနှုန်းတွေပါ မြင့်တက်နေချိန်မှာ လမ်းဘေးထိုင်ရောင်းတဲ့ လက်လီ ဈေးသည်တွေအတွက်လည်း အရင်းအနှီးက တော်တော်လေးကို ကြီးပါတယ်။ ဥပမာ အရင်က တစ်သိန်းလောက် ရင်းရတယ်ဆိုရင် အခုက သုံးသိန်းလောက်ရင်းရပါတယ်။ ဒါဟာလည်း ခက်ခဲတဲ့ အရာတစ်ခုပါ။

"အရင်းအနှီးက ကြီးတဲ့ အခါကျတော့ အသီးများများ မဖြုန်းနိုင်ဘူး။ ရှိသလောက် အရင်းအနှီးလေးနဲ့ပဲ အဟောင်းပေးအသစ်ယူပုံစံ လုပ်နေရတယ်။ တကယ်စားချင်တဲ့ သူကျတော့လည်း လာဝယ်စားကြပါတယ်။ အရင်က ဒီလို ခရစ္စမတ်ရာသီဆို အရမ်းရောင်းကောင်းတာ။ အခုက သိပ်မရောင်းရတော့ဘူး" လို့ မြန်မာ့ဆက်သွယ်ရေးရုံးအနီး ရောင်းချနေသည့် လမ်းဘေးထိုင်ရောင်းနေတဲ့ ဈေးသည် ဒေါ်မာဦးကလည်း လက်လီဈေးကွက် အခြေအနေကို ရှင်းပြပါတယ်။

ကချင်ပြည်နယ်မှာ တပ်မတော်နဲ့ကေအိုင်အေတို့ တစ်ကျော့ပြန် တိုက်ပွဲတွေဖြစ်ခဲ့ကြတာ ၇ နှစ်ကျော်တိုင်ရှိခဲ့ပါပြီ။ ဒီတိုက်ပွဲတွေကြောင့်ပဲ သိန်းနဲ့ချီ စစ်ဘေးတိမ်းရှောင်ခဲ့ကြရပါတယ်။

လိုင်ဇာမြို့ကိုသွားတဲ့ လမ်းတစ်လျှောက်က ကျေးရွာနေပြည်သူတွေဟာ တောင်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ခဲ့ကြပါတယ်။ လိမ္မော်ရာသီရောက်ခဲ့ပြီဆိုရင် နိုဝင်ဘာလက စပြီးတော့ သုံးလတိုင်တိုင် ဒေသခံတွေ အလုပ်အကိုင် ကောင်းမွန်ရပါတယ်။ အခုတော့ ဒီအခွင့်အရေးတွေနဲ့ ဝေးကွာခဲ့ကြပါပြီ။ စစ်ပွဲတွေပြီးလို့ ငြိမ်းချမ်းရေးတွေ ရမှပဲ ကချင်ပြည်နယ်က ရွှေလိမ္မော်တွေကို တစ်ပြည်လုံးမှာ လှိုင်လှိုင်စားလို့ ရတော့မှာပါ။

စည်သူ(မြစ်ကြီးနား)



# Mrs. Asia Pacific International ပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံကိုယ်စားပြု အဖြစ်သွားမည့် ကချင်ပြည်နယ်သူ ကလေးနှစ်ယောက်အမေ အိမ်ထောင်ရှင်အလှမယ်

မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၃

စက်ာပူနှင့် မလေးရှားနိုင်ငံတွင် ကျင်းပမည့် Mrs. Asia Pacific International 2019 ပြိုင်ပွဲကြီးတွင် မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်မှ Mrs. Rose Maryar သွားရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ဦးမခါဆန်လီအောင်၏ ဇနီး၊ ကလေးနှစ်ယောက်မိခင်၊ အသက် ၃၂ နှစ်အရွယ် အလှမယ် Mrs. Rose Maryar သည် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခံထားရခြင်းဖြစ်ကြောင်း သိရသည်။

Union of Myanmar Organization မှ ကြီးမှူး၍ ရန်ကုန်တွင်အောက်တိုဘာလ ၁၅ ရက်က ကျင်းပပြုလုပ်ခဲ့သော Mrs. Asia Pacific Myanmar Grand Final 2019 ကို မန္တလေးကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှ Winner သရဖူဆုကြီးကို ရရှိခဲ့သည့်အတွက် ယခုကဲ့သို့ မြန်မာကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

သူမသည် ထိုပြိုင်ပွဲတွင် Mrs Asia Pacific Intercontinental Myanmar 2019 သရဖူဆုကြီးကို ရရှိခဲ့သည့်အပြင် Title ဆုများအဖြစ် People Choice Award, Photogenic Award ဆုများကိုပါ ရရှိခဲ့ကြောင်းလည်း သိရသည်။

ယင်းကဲ့သို့ မျှော်လင့်မထားသော အောင်မြင်မှုတစ်ခုကို ရရှိခဲ့သောကြောင့် အလွန်ဝမ်းသာမိကြောင်းနှင့် ၎င်းကို Mrs Union of Myanmar Organization မှ နိုင်ငံကိုယ်စားပြုအဖြစ်ရွေးခဲ့သောကြောင့် စိတ်လှုပ်ရှားမိကြောင်း အိမ်ထောင်ရှင်အလှမယ် Rose Maryar က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဘုရားရဲ့ ကျေးဇူးတော်လည်း ပါတာပေါ့။ ကျွန်မက လည်း အခုလိုမျိုး ရမယ်လို့လည်း မထင်ခဲ့ဘူး။ ဒါပေမဲ့ ကျွန်မကို အဲ့လိုပေါ့နော် Organization ကနေပြီးတော့ ကျွန်မကို ရွေးချယ်တင်မြှောက်ခဲ့တယ်။ နိုင်ငံကိုယ်စားပြုအဖြစ် စေလွှတ်ဖို့အတွက် သူတို့ဆုံးဖြတ်ခဲ့တဲ့ အတွက်ကြောင့် ကျွန်မအနေနဲ့ အရမ်းလည်း စိတ်လှုပ်ရှားတယ်၊ အရမ်းလည်း ပျော်တယ်၊ အတိုင်းမသိပါပဲ။ ပရိသတ်တွေလည်း ဆက်လက် အားပေးကြဖို့ တောင်းဆိုပါတယ်"ဟု Mrs Rose Maryar ကပြောသည်။

နိုင်ငံကိုယ်စားပြု တစ်ယောက်အဖြစ် သွားရောက် ယှဉ်ပြိုင်ရမည် ဖြစ်သောကြောင့် ဘာသာစကားပိုင်းဆိုင်ရာ၊ Body ပိုင်း၊ Talent Show ပိုင်း အစရှိသည်တို့ကို ကြိုးစားပြင်ဆင်၍ သွားရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း Mrs Rose Maryar က ဆက်လက်ပြောသည်။

"သူများနိုင်ငံနဲ့ ထိတွေ့ရမယ်ဆိုတော့ အတွေ့အကြုံ ပိုင်းကအစ အကုန်လုံးပေါ့နော် ပြင်ဆင်ထားတယ်။ အဓိက ကတော့ Language ပိုင်းတွေရော ကြိုးစားပြီးတော့ သင်ယူနေတယ်။ အခြေခံတော့ ကျွန်မရှိထားတယ်။ ဒီထက်မက ပိုပြီးမှ အဆင်ပြေအောင် ပြင်ဆင်ထားပါတယ်။ ပြီးရင် Body ပိုင်းတွေရော၊ မြန်မာနိုင်ငံရဲ့ မြန်မာ့ရိုးရာကို ဘယ်လိုပြရမယ် ဆိုတဲ့ဟာတွေ။ ကျွန်မက ကချင်ပြည်နယ်က ဖြစ်တဲ့အတွက်ကြောင့် ကချင်ရိုးရာနဲ့ မြန်မာရိုးရာကို ပေါင်းစပ်ပြီးမှ ဘယ်လို ပုံစံပြသသွားမယ်ဆိုတာက တွေးတောတိုင်ပင်ပြီးမှ ကြိုးစားပြင်နေပါတယ်"ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံမှ ဒုတိယမြောက် နိုင်ငံကိုယ်စားပြုအိမ်ထောင်ရှင်အလှမယ်အဖြစ် ၎င်းအားရွေးချယ်ခဲ့ပြီး အဆိုပါပြိုင်ပွဲကြီးတွင် ညနေခင်းဝတ်စုံ (Evening Gown)၊ ရေကူးဝတ်စုံ(Swim Suit)၊ ရိုးရာဝတ်စုံ (National Costume)နှင့် ပင်ကိုယ်အရည်အချင်းပြသမှု (Talent Show)များ ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။

Mrs Asia Pacific International 2019 ပြိုင်ပွဲကြီးတွင် နိုင်ငံပေါင်း ၄၀ မှ အိမ်ထောင်ရှင်အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ၎င်းပြိုင်ပွဲ Grand Final ကို လာမည့် ၂၀၁၉ ခုနှစ် မတ်လ ၂၃ ရက်၌ စင်္ကာပူနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Benadeth



# မွေးရာပါခြေခွင်ရောဂါကို ခွဲစိတ်ရန်မလိုဘဲ ပွန်ဆဲတီနည်းဖြင့် မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီးတွင် ကုသနိုင်ပြီ

မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၂

မွေးရာပါ ခြေထောက်ခွင်ရောဂါကို ခွဲစိတ်ကုသနည်းဖြင့် မဟုတ်ဘဲ ပွန်ဆဲတီ နည်းလမ်း (ကျောက်ပတ်တီးစည်း ပေးခြင်း)ဖြင့် မြစ်ကြီးနား၊ ပြည်သူ့ဆေးရုံကြီးတွင် ကုသပေးနေပြီဖြစ်ကြောင်း သိရသည်။

ပွန်ဆဲတီနည်း (Ponseti Technique) ဆိုသည်မှာ ခွင်နေသော ခြေထောက်များကို ကျောက်ပတ်တီးစီးပေး၍ ကုသသောနည်းဖြစ်ပြီး ခြေခွင်ကလေးများကို ကုသရာ၌ အကုန်အကျနည်းပြီး အထိရောက်ဆုံးနည်းလမ်း ဖြစ်ကြောင်း သိရသည်။

မွေးရာပါ ခြေထောက်ခွင်ရောဂါကို လွယ်လွယ်ကူကူဖြင့် ကုသပေးလာနိုင်သည့် အတွက် ၎င်းရောဂါဖြစ်ပွားနေသော ကလေးများနှင့် မိဘများကို စိတ်ချမ်းသာမှုရရှိစေကြောင်း အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာ ကေနော်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"မိဘတွေ အနေနဲ့ ကလေးမွေးပြီဆိုရင် ပထမဆုံးသိချင်တာက ကိုယ့်ကလေးရဲ့ ခြေလက်အင်္ဂါစုံမစုံ သိချင်တယ်။ တကယ်လို့များ ကိုယ့်ကလေးက ခြေခွင်ပြီး မွေးလာလို့ရှိရင် တကယ်ကို စိတ်ထိခိုက်ရတယ်။ သူတို့အနေနဲ့ လူရာမဝင်သလို ခံစားနေရတယ်"ဟု ဒေါက်တာ ကေနော်အောင်က ပြောသည်။

ယင်းသို့ ကုသရာတွင် ပါဝင်သော အစိတ်အပိုင်းများမှာ လက်ဖြင့် နှိပ်နယ်ပြုပြင်ကုသခြင်း၊ ကျောက်ပတ်တီးစည်းခြင်း၊ အရေပြားအောက် အကြောဖြတ်ခြင်းနှင့် သံချောင်းကွေးတပ်ထားသောဖိနပ်တပ်ဆင်ပေးခြင်းတို့ ဖြစ်ပြီး ကျောက်ပတ်တီးစည်းရာတွင် နှစ်ကြိမ်မှ ငါးကြိမ်အထက် စည်းပေးရကြောင်းသိရသည်။

ခြေထောက်ခွင်ရောဂါကို အမျိုးအစားခွဲခြားရာတွင် ပုံမှန် ခြေထောက်ခွင်ရောဂါ (Typical Clubfoot)၊ အနေအထားဆိုင်ရာ ခြေထောက်ခွင်ရောဂါ (Positional Clubfoot)၊ မူမမှန် ခြေထောက်ခွင်ရောဂါ (Atypical Clubfoot)နှင့် ရောဂါအစု ခြေထောက်ခွင်ရောဂါ (Syndromic Clubfoot)တို့ ရှိကြောင်း သိရသည်။

၎င်းခြေထောက်ခွင်ရောဂါသည် မွေးကင်းစကလေးများတွင် အဖြစ်အများဆုံး အရိုးအကြောနှင့်ဆိုင်သော မွေးရာပါရောဂါတစ်မျိုး ဖြစ်သည်။ မျိုးရိုးဗီဇနှင့်ဆိုင်သော အချက်များကြောင့် ခြေထောက်ခွင်ရောဂါဖြစ်နိုင်ချေရှိကြောင်းယူဆရပြီး စစ်တမ်းကောက်ထားချက်အရ ကမ္ဘာအနှံ့အပြားတွင် မွေးစကလေး ၁၀၀၀ တွင် ခြေထောက်ခွင်ရောဂါကလေး တစ်ဦးနှုန်း မွေးဖွားလျက် ရှိနေကြောင်း သိရသည်။

ကုထုံးကို ၁၉၉၀ နောက်ပိုင်းနှစ်များက UK နိုင်ငံများတွင် စတင်မိတ်ဆက်ခဲ့ပြီး ထိုကုထုံးကို တိုးတက်အောင် ဆောင်ရွက်ခဲ့သည့် စပိန် သိပ္ပံပညာရှင်ကြီး Ignacio Ponseti ကို အစွဲပြုခေါ်ဝေါ်ထားသည့် စကားရပ်ဖြစ်သည်။

Ann/ Benadeth



# အောင်လအင်န်ဆန်ကြေးရုပ်ဖွင့်ပွဲနှင့် ဂုဏ်ပြုဆုတောင်းပွဲကျင်းပ





MMA သိုင်းပေါင်းစုံအားကစားနည်းတွင် ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံ အောင်လအင်ဆန်၏ ပုံတူ ကြေးရုပ်တု ဖွင့်ပွဲကို မြစ်ကြီးနားမြို့ရှိ မနောင်ကွင်းတွင် ဒီဇင်ဘာ ၁၅ ရက်နေ့က ပြုလုပ်ခဲ့သည်။

ကြေးရုပ်တုဖွင့်ပွဲအခမ်းအနားနှင့် ဂုဏ်ပြုဆုတောင်းခြင်း အစီအစဉ်ကို ထိုနေ့နံနက် ၁၀ နာရီမှစတင်ကျင်းပခဲ့ပြီး ယင်းအစီစဉ်တွင် အောင်လအန်ဆန်နှင့်အတူ ၎င်း၏ မိသားစုများလည်း တက်ရောက်ခဲ့ကြသည်။

အောင်လအင်ဆန်ကိုဂုဏ်ပြုမှုအပြင် ယခုကဲ့သို့ သားကောင်းတစ်ယောက် ဖြစ်အောင်ပြုစုနိုင်သည့် သူ၏မိဘများအတွက် ဂုဏ်ပြုချီးမြှင့်ခဲ့ကြကာ ၂၀၁၈ ခုနှစ် စက်တင်ဘာလက စင်ကာပူ နိုင်ငံတွင် ပြုလုပ်ခဲ့သည့် နိုင်ငံ ၁၀ နိုင်ငံ ချစ်ကြည်ရေး ဖိတ်ခေါ်ကရာတေးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကချင် ကရာတေးကစားသမားများကိုလည်းဂုဏ်ပြုခဲ့သည်ဟု အောင်လအင်ဆန်ကြေးရုပ်တုဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇေလွမ်းက ပြောသည်။

ယခုမနောင်ကွင်းတွင်စိုက်ထူနိုင်ခဲ့သည့် အောင်လအင်ဆန်၏ ပုံတူကြေးရုပ်တုကို ကြည့်ခြင်းအားဖြင့် အောင်လအင်န်ဆန်ကို မြင်လိုက်ရသလို ဆင်တူသည့်အတွက် ရာနှုန်းပြည့်စိတ်တိုင်းကျသည်ဟု ပွဲဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြောသည်။

“ဒီရုပ်တုကို အထူးတစ်လည် အားရပါတယ်။ နားရွက်ကအစပေ့ါနော်။ မျက်နှာမြင်စရာမလိုဘူး။ နားရွက်မြင်တာနဲ့ အောင်လအင်န်ဆန်ဆိုတာ သိတယ်။ ပေါင်တွေခြေတွေကြည့်လိုက်ရင်လည်းပဲ အောင်လအန်ဆန်ဆိုတာကို သိတယ်။ မျက်နှာလည်း သူ့မျက်နှာ တစ်ထေရာတည်းပဲဆိုတော့ ကျွန်တော့်အနေနဲ့ ရာနှုန်းပြည့် စိတ်တိုင်းကျပါတယ်”ဟု ဦးခက်ထိန်နန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အောင်လအင်န်ဆန်၏ ကြေးရုပ်တုပြီးစီးပြီးနောက် ထပ်မံ၍ ရန်ပုံငွေများ ရှာဖွေပြီး အောင်လအင်ဆန်အမည်ဖြင့် အားကစားရုံကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ရုပ်ထုပြီးသွားရင် အားကစားရုံလုပ်ဖို့အတွက် အစီအစဉ်ဆွဲထားပါတယ် အောင်လကိုယ်တိုင်က နည်းပြလာလုပ်မယ်။ ပစ္စည်းတွေအားလုံးကို သူဝယ်ခဲ့မယ်၊ သူတာဝန်ယူမယ် ဆိုပြီးပြောထားတာရှိတယ်။ ဒါဟာ တက်လာမယ့် မျိုးဆက်သစ်လူငယ်တွေအတွက် အလားအလာ အများကြီးရှိပါတယ်။ နေရာလည်းရွေးထားပြီ။ ရုပ်ထုရဲ့ရှေ့ဘက်မှာ ရွေးထားတယ် ဒီပွဲပြီးရင် ရန်ပုံငွေအရင်ရှာပြီး လုပ်ဆောင်သွားဖို့ အစီအစဉ်ရှိတယ်”ဟု ဦးဇေလွမ်းက ပြောသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ သမိုင်း၊ ကချင်ပြည်နယ်၏ သမိုင်းတွင် ဝိတ်တန်းနှစ်ခုတွင် ကမ္ဘာ့ချန်ပီယံ ပထမဆုံးအကြိမ်ဖြစ်ခွင့်ရသည့်အတွက် အလွန်ပင်ဝမ်းမြောက်ကြောင်းလည်း ပွဲဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြောသည်။



ကမ္ဘာ့မှလည်း ၎င်းအား စင်ကာပူတွင် တစ်နှစ်တာအကောင်းဆုံး ဆု၊ နိုင်ငံတော်အစိုးရနှင့်နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကေအိုင်အို/ကေအိုင်အေတို့မှလည်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြပြီး အဓိကကျသည့် မိမိတို့ ကချင်ပြည်နယ်သူ/သားများသာ ဂုဏ်ပြုရန်လိုအပ်တော့သည့် အတွက် ယခုကဲ့သို့ ကြေးရုပ်ဖြင့် ချီးမြှင့်ရခြင်းဖြစ်သည်ဟု ဦးခက်ထိန်နန်က ပြောသည်။

“ဒီလိုဆောင်ရွက်ခြင်းဟာ ကမ္ဘာမှာ ဒီလိုထိုးသတ်ပြီးတော့ မြန်မာဟော့၊ ကချင်တိုင်းရင်းသားဟော့ ဆိုတဲ့ဟာကို ပထမဆုံးသမိုင်းဝင် ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ ကျွန်တော်တို့လူမျိုးတွေလည်း ကြိုးစားရင် ကမ္ဘာချန်ပီယံဖြစ်နိုင်တယ်ဆိုတဲ့ဟာကို ပြချင်လို့ ချီးမြှင့်တာပါ။ တတိယအချက်အနေနဲ့ ဒီလိုကမ္ဘာ့ချန်ပီယံဆိုတဲ့ စိတ်ဓာတ်မျိုးဟာ တိုင်းရင်းသားတိုင်း၊ လူငယ်တိုင်းရဲ့ ရင်မှာစွဲသွားပြီးတော့ ဒါကို အတုယူပြီးတော့ ကြိုးစားပြီးတော့ ကမ္ဘာ့ချန်ပီယံတွေ ဆက်လက်ပေါ်ထွန်းလာဖို့ ဆိုတဲ့အချက်က အဓိကကျပါတယ်။ ဒါက ဇာတိသွေးဇာတိမာန် တက်ကြွစေတယ်။ အမျိုးကိုချစ်စေတယ်။ နိုင်ငံနဲ့ ပြည်နယ်ကိုချစ်စေတယ်”ဟု ဦးခက်ထိန်က ထပ်မံပြောဆိုသည်။

အထူးသဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အနေဖြင့် အောင်လအင်ဆန်၏ ပုံတူကြေးရုပ်တုကို ကြည့်ရှုအတုယူကာ ကြိုးစားချင်စိတ်များဖြစ်ပေါ်လာပြီး ကမ္ဘာ့စင်မြင့်ပေါ်သို့ ထူးချွန်သည့် လူငယ်များ ပေါ်ထွန်းလာရန် အဓိက ရည်ရွယ်ကြောင်းလည်း ဦးဇေလွမ်းက ပြောသည်။

အောင်လအင်ဆန် ကြေးရုပ်တုဖွင့်ပွဲနှင့် ဂုဏ်ပြုဆုတောင်းခြင်းအစီအစဉ်တွင် အောင်လအင်ဆန်ကိုယ်တိုင် တက်ရောက်လာသည့်ကလေး ၅၀၀၀ ကျော်ကို အားပေးစကားများ ပြောကြားခြင်းနှင့် ၎င်းထိုးသတ်ခဲ့သည့် ကစားကွက်များကိုပြသသည့်အစီအစဉ်များလည်း ပါဝင်ခဲ့သည်။

Salai

# ပေါင်းစန်းပြည်နယ်ခွဲတွင် ကျင်းပသည့် တရုတ်–မြန်မာ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲတွင် မြစ်ကြီးနားအသင်း သွားရောက်ယှဉ်ပြိုင်

ဒီဇင်ဘာ ၁၃

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်းစန်းပြည်နယ်ခွဲ၌ ကျင်းပသည့် တရုတ်-မြန်မာ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲတွင် မြစ်ကြီးနားမြို့နယ်၏ အသက် ၁၈ နှစ်အောက် ဘောလုံးအသင်းက သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ချစ်ကြည်ရေးပြိုင်ပွဲတွင် ကစားသမား ၁၈ ဦးနှင့် အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီးတို့အပါအဝင်စုစုပေါင်း ၂၈ ဦး သွားရောက်ခဲ့ကြကြောင်း မြစ်ကြီးနားမြို့နယ် ဘောလုံးအဖွဲ့ချုပ်မှ ဒု-ဥက္ကဋ္ဌ ကိုဂျပ်မွန်းအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ပေါင်စန်းပြည်နယ်ခွဲ ပြည်သူ့ပြည်ပရေးရာ ချစ်ကြည်ရေးအသင်းအနေဖြင့် မြစ်ကြီးနား ဘောလုံးအသင်းကို နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်၍ ဖိတ်ကြားခြင်း ဖြစ်သည်ဟုလည်း သိရသည်။

အဆိုပါ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်နေ့မှစတင်ကာ ၃၀ ရက်နေ့အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

Salai